ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e – paper ဖတ်ရှုရန်

ချမ်းသာခြင်းအကြောင်းတရား

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏။ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်း သည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 18 August 2026 ၁၂၇၄

မုန်တိုင်းငယ် အခြေအနေ

နေပြည်တော် ဩဂုတ် ၁၇

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကမ်းရိုးတန်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒေသများနှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီး အနောက်ဘင်္ဂလားပြည်နယ် ကုန်းတွင်းပိုင်းဒေသများသို့ ရောက်ရှိခဲ့ကာ ဆက်လက်တည်ရှိနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၊ ဂျက်ခမ်းပြည်နယ်နှင့် ဘီဟာပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/၈လ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် ရောက်ရှိ



နေပြည်တော် ဩဂုတ် ၁၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ရန် အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား မော်စကိုမြို့ ရှိ ဘနကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုကြစဉ်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့် သွေးကြောခွဲစိတ်ကုဌာနနှင့် United Kingdom(UK)မှ နှလုံးနှင့် သွေးကြောခွဲစိတ်အထူးကုတို့ နှလုံးသွေးကြောခွဲစိတ်ကုသမှုများ အောင်မြင်စွာဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁၇

United Kingdom(UK)နိုင်ငံ St Bartholomew's Hospital, Barts Heart Centre, နှလုံးသွေးလွတ်ကြောခွဲစိတ်ကုဌာနမှ နှလုံးနှင့် သွေးကြောခွဲစိတ်အထူးကု ပါမောက္ခ ဒေါက်တာအောင်ရဲဦးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး (နှလုံးနှင့်သွေးကြောခွဲစိတ်) ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော်၊ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများနှင့် တွဲဖက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် တစ်ဦး၏ နှလုံးသွေးလွတ်ကြောမပေါက်ပြဿနာ ရောဂါ(Acute aortic dissection from aortic arch to both iliac arteries)အား

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐

တောင်ကြီးမြို့ ထီးဖောင်းကျေးရွာအုပ်စုတွင် နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အဉာအိမ်ရာများ ဆောက်လုပ်လျက်ရှိ

တောင်ကြီး ဩဂုတ် ၁၇

တောင်ကြီးမြို့ ကံကြီးရပ်ကွက် ထီးဖောင်းကျေးရွာအုပ်စုတွင် လေးခန်းတွဲ လေးထပ် နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အဉာအိမ်ရာများ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်မှသည် ပြည်တွင်းငြိမ်းချမ်းရေးခရီးဆီသို့...

ဆောင်းပါး စာမျက်နှာ » ၆

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ကနဦးစီမံချက်ရေးဆွဲ ဆောင်ရွက်မည်

စာမျက်နှာ » ၈

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့အပါအဝင် ဟုမ္မလင်းနှင့် ဖောင်းပြင်တို့တွင် ဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိ

မုံရွာ ဩဂုတ် ၁၇

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် လက်ရှိတပ်ဆင် အသုံးပြုနေသည့် ၁ ဒသမ ၂ မီတာ ရှိ Ku-Band ဂြိုဟ်တုစနစ်သည် ဗန်းသေး၍ ဝပ်အားနည်းသဖြင့် ရာသီဥတုကြောင့် ဖုန်းလိုင်းအတက် အကျဖြစ်ခြင်း၊ ပြတ်တောက်ခြင်းနှင့် လိုင်းကျပ်ခြင်းများ ဖြစ်ပေါ်သဖြင့် ဝပ်အားကြီးသည့် ၂ ဒသမ ၄ မီတာရှိ C-Band ဂြိုဟ်တုစနစ်ကို



စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

သာမန်ထက်လွန်ကဲသည့်မိုးရွာသွန်းမှု ရေကြီးရေလျှံသဘာဝဘေးသတိပြု

မြန်မာနိုင်ငံတွင် မုတ်သုံရာသီကာလအတွင်း မိုးရွာသွန်းမှုအပေါ်မူတည်၍ ရေကြီးရေလျှံမှု အနည်းနှင့်အများဖြစ်ပေါ်လေ့ရှိသည်။ နှစ်စဉ်နှစ်တိုင်းအားဖြင့် မိုးဦးကာလ ဇွန်လတွင် ရေကြီးရေလျှံမှုတစ်ကြိမ်၊ မိုးလယ်ကာလဖြစ်သည့် ဇူလိုင်လမှ သြဂုတ်လအတွင်း တစ်ကြိမ်၊ မိုးနောင်းကာလနှင့် မိုးလွန်ကာလဖြစ်သည့် စက်တင်ဘာလမှ နိုဝင်ဘာလအတွင်းတစ်ကြိမ် ဖြစ်လေ့ရှိသည်။ များသောအားဖြင့် မြန်မာနိုင်ငံအထက်ပိုင်းတွင် မိုးရွာသွန်းမှုတာရှည်လာပြီး အထက်ရေများလာသောအခါ ရေကြီးရေလျှံဖြစ်ပွားလေ့ရှိသည်။

မြန်မာနိုင်ငံတွင် မိုးဦး၊ မိုးလယ်ကာလအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ယခုအခါ အချို့ဒေသများတွင် ရေကြီးရေလျှံသဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရသည်။ ဇွန်၊ ဇူလိုင်၊ သြဂုတ်သုံးလတာကာလအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်မှာ စံချိန်တင်ခဲ့ပြီဖြစ်၍ မြစ်ချောင်းအနီးအနားနှင့် မြေနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံ ကြုံတွေ့ခဲ့ရပြီဖြစ်သည်။ မိုးရွာသွန်းမှုကာလ ကြာရှည်လာပြီဖြစ်သော်လည်း မိုးဦး၊ မိုးလယ်ကာလသာဖြစ်၍ ဆက်လက်မိုးရွာသွန်းနေဦးမည့်သဘောရှိသည်။ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် မိုးရွာသွန်းနိုင်သည့်ဒေသများတွင် အလွန်အကျွံဆက်လက်ရွာသွန်းပြီး မိုးနည်းသည့်ဒေသများတွင် မိုးခေါင်ရေရှားသည့် သဘာဝဘေးဒဏ် ခံစားနေကြရသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ယခုအခါ မိုးလေဝသဌာန၏ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဩရိသပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး နောက်ရက်များတွင် အနောက်မြောက်ဘက်သို့ရွေ့လျားကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ လေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းနှင့်ဆက်စပ်ပြီး မိုးရွာသွန်းမှုသည် ဆက်လက်အားကောင်းနေမည်ဖြစ်သည်။ ထို့အပြင် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြိုးနိုင်သည်ဟု မိုးလေဝသဌာနက ထပ်မံအသိပေးနှိုးဆော်ထားသည်။

ယခုကာလတွင်မြန်မာပြည်တစ်ဝန်း၌ မိုးရွာသွန်းမှုအားကောင်းနေခြင်းကြောင့် ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် စိုးရိမ်ရေမှတ်အထက် ခြောက်လက်မခန့်၊ ဆိပ်သာမြို့တွင် စိုးရိမ်ရေမှတ်အထက် နှစ်ပေခန့်၊ ဟင်္သာတမြို့တွင် စိုးရိမ်ရေမှတ်အထက် ၁ပေ၅လက်မခန့်ရောက်ရှိနေပြီး နောက်ရက်တွင် ပိုမိုမြင့်တက်လာနိုင်သည်။ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ၁ ပေ ၄ လက်မ ခန့်ရှိနေပြီး နောက်ရက်တွင် ထပ်မံမြင့်တက်လာနိုင်သည်။ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်မြင့်တက်နိုင်သည်။ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် စိုးရိမ်ရေမှတ်အထက် သုံးပေခန့် ကျော်လွန်ရောက်ရှိနေပြီး စစ်ကောင်းမြစ်ရေသည် မင်းဘင်္ဂလားမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်မြင့်တက်နိုင်သည်ဟု ခန့်မှန်းထားသည်။

သို့ဖြစ်ရာ မိုးရာသီကာလ အရိန်အဟုန်ကောင်းနေခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည်။ အဆိုပါဖြစ်ပေါ်လာနိုင်သော ဒေသများရှိ ကုန်းမြင့်ဒေသများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် ရုတ်တရက်ရေကြီးမှုအန္တရာယ်များကို အထူးသတိပြုနေထိုင်ကြရမည်ဖြစ်သည်။ မြေနိမ့်လွင်ပြင်ဒေသများနှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် ရေကြီးရေလျှံခြင်းအန္တရာယ်များကို ကြိုတင်သတိပြုရှောင်ရှားကြရန် လိုအပ်ပါသည်။ ပြီးခဲ့သည့်နှစ်များအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေဘေးဖြစ်ပွားမှုများကြောင့် နေအိမ်အဆောက်အအုံများစွာ ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့် တိရစ္ဆာန်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှု အများအပြားရှိခဲ့ရာ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်သည်။

ထို့ကြောင့် ရေဘေးသတိပေးချက်များကို သတိပြုမှတ်သားထားရန်နှင့် မိမိတို့နေအိမ်များကြိုခိုင်မှု၊ အရေးပေါ်ပြောင်းရွှေ့ရမည့်လမ်းကြောင်း၊ စားရေရိက္ခာ၊ သောက်သုံးရေနှင့် ဆေးဝါးများ၊ အရေးပေါ်ဆက်သွယ်ရမည့်နေရာများကို ကြိုတင်ဆောင်ရွက်ထားရန်လိုအပ်မည်ဖြစ်သည်။ သက်ဆိုင်ရာက အသိပေးညွှန်ကြားလာပါက စနစ်တကျ ရွှေ့ပြောင်းကြရန်လိုပြီး အန္တရာယ်ရှိရှိနိုင်သောအရာများကို သတိပြုဆောင်ရွက်ရန်လိုသည်။ ရေဘေးအန္တရာယ်ဖြစ်ပေါ်နေချိန်တွင် ကျန်းမာရေးအတွက် အထူးသတိပြုရမည်ဖြစ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များအနေဖြင့် ရေဘေးသင့်ပြည်သူများ လစ်လပ်မကျန်ရစ်စေဘဲ ပြည်သူအားလုံး ရေဘေးအန္တရာယ်မှ ကင်းဝေးသက်သာစေရန် စနစ်တကျ ပိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲ ကန့်ကွက်လွှာအယူခံမှုအမှတ်(၁/၂၀၂၆)ကို ရုံးထိုင်ကြားနာ

နေပြည်တော် သြဂုတ် ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့နံနက်၁၀နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံး ရုံးအမှတ်(၂၂) စုံညီခုံရုံး၌ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၁/၂၀၂၆)ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့ကြေးက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် သြဂုတ် ၁၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေး ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သင်္ခေ FM ၏ **"ပြည်သူ့ကြေးက ပြည်သူ့စကား"** အစီအစဉ်မှ **"ရေဘေးသင့်ချင်းတူပေမယ့် အကြမ်းဖက်သမားများကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အလှမ်းဝေးနေရသော ပြည်သူများ"** ခေါင်းစဉ်ဖြင့် သြဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် သြဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"အစိုးရသစ်၏ ပိုမို ခိုင်မာလာသော နိုင်ငံတကာမိတ်ဖက် ဆက်ဆံရေး"** ခေါင်းစဉ်ဖြင့် ဆက်လက် ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေး နေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီး ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက် ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၁၇-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၁ ~ ၃၆၆၈	၅၅၇ ~ ၅၅၈.၄	၁၂၅.၆ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၈,၁၈၉,၅၆၂,၉၂	-	၄၅,၁၆၃,၇၃၀.၁၂	-

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ စာရေးကိရိယာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၇ - ၈ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၈,၀၀၀	၁၈,၀၀၀	၇၁၃	၁၂,၈၃၅,၀၀၀
MTSH	၈,၃၀၀	၈,၅၀၀	၂,၀၇၇	၁၇,၄၅၄,၅၀၀
MCB	၁၃,၅၀၀	၁၃,၅၀၀	၃	၄၀,၅၀၀
FPB	၆,၈၀၀	၆,၈၀၀	၆,၁၇၆	၄၁,၉၈၂,၃၀၀
TMH	၃,၅၅၀	၃,၅၅၀	၁	၃,၅၅၀
EFR	၁,၉၅၀	၂,၀၀၀	၉၁၄	၁,၈၂၅,၀၀၀
AMATA	၄,၀၀၀	၄,၀၀၀	၄၂၀	၁,၆၈၀,၀၀၀
MAEX	၆,၇၀၀	၆,၈၀၀	၂၂၇	၁,၅၂၁,၀၀၀
MADPL(PLB)	၆,၃၀၀	၆,၃၀၀	၅၁၄	၃,၂၃၈,၂၀၀
ASPGB(PLB)	၆,၇၀၀	၆,၈၀၀	၉,၅၀၅	၆၄,၆၁၇,၅၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်၌၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း - ခင်မိုမိုအောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ နိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
အငယ်တန်း သတင်းထောက်များ - ဇင်မာဝင့်
သုတေသန - ခင်နှင်းယုနှင့်အဖွဲ့
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင်းအဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင်းအဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၆၄ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
(၂၀၂၆ ခုနှစ်၊ သြဂုတ်လ ၁၇ ရက်)

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုး အား နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၆၃ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
(၂၀၂၆ ခုနှစ်၊ သြဂုတ်လ ၁၇ ရက်)

ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးရဲထွန်းဦး အား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မော်စကိုမြို့ရှိ ဘုရားကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

❂ ရှေ့ဖုံးမှ

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စု ဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရှိ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာ ချောချောစိန်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာ ခ္ဘာလီသန်း၊ မြန်မာ အာကာသအေဂျင်စီ အမှုဆောင် အရာရှိချုပ် ဒေါက်တာ စိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိများ၊ ဒုတိယ ဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသ စံတော်ချိန် ညနေ ၆ နာရီတွင် မော်စကိုမြို့ရှိ ဘုရကာဘာ



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား မော်စကိုမြို့ရှိ ဘုရကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadievich Reshetnikov က ကြိုဆိုနှုတ်ဆက်စဉ်။

အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး Mr. Maxim Gennadievich Reshetnikov၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ မြန်မာ စစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူး ချုပ် ကျော်စိုးဦးနှင့် သံရုံး၊ စစ်သံရုံး မိသားစုများက ကြိုဆိုနှုတ်ဆက် ကြသည်။

လေဆိပ်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှား ဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော် အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံခြေခြင်းဆောင် များအား ကြိုဆိုသည့်အစဉ်အလာ နှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် အလေးပြုခံနေရာ၌ ဂုဏ်ပြုတပ်ဖွဲ့ ၏ အလေးပြုခြင်းကို ခံယူသည်။ ထိုသို့ဆောင်ရွက်စဉ် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော် သီချင်းများအား တီးမှုတ်ဂုဏ်ပြုအလေးပြုကြသည်။

ထို့နောက် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ ၏ ချီတက်အလေးပြုခြင်းကို ခံယူခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော် သမ္မတသည် ရုရှားနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားနိုင်ငံ ဝန်ကြီးချုပ်၊ ရုရှားနိုင်ငံဒူးမား လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံ ဆွေးနွေးခြင်းတို့အပြင် ရုရှား အစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေး နှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေး ကဏ္ဍများအပါအဝင် ကဏ္ဍ ပေါင်းစုံတွင် နှစ်နိုင်ငံ အကျိုးဖြစ် ထွန်းစေမည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမို တိုးတက် ခိုင်မာစေရေးကိစ္စရပ် များကို ဆွေးနွေးသွားမည်ဖြစ် သည်။ ခရီးစဉ်အတွင်း နိုင်ငံတော် သမ္မတသည် မြန်မာ - ရုရှား စီးပွား ရေး ဖိုရမ်သို့လည်း တက်ရောက် သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❍ နာဂမှ

သြဂုတ် ၁၂ ရက်က တိုးချဲ့တပ်ဆင်ခဲ့ပြီး ဖြစ်သည်။

ထိုသို့ ဂြိုဟ်တုစခန်းစနစ်များကို အဆင့်မြှင့်တင် တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ဒေသခံ ပြည်သူများအနေဖြင့် ယခင်ဖုန်းခေါ်ဆိုမှုနှင့် စာတို (SMS) ပေးပို့မှုများအပြင် လဟာယ်မြို့ရှိ သတ်မှတ် ထားသောနေရာတွင် အင်တာနက်အသုံးပြုနိုင် သဖြင့် အွန်လိုင်းစာမျက်နှာများနှင့် အချက်အလက် များကို လွယ်ကူချောမွေ့စွာ စတင်အသုံးပြုနိုင်ပြီဖြစ် သည်။

ထို့ပြင် ဟုမ္မလင်းမြို့နယ်တွင်လည်း ဂြိုဟ်တု ဆက်သွယ်ရေးစနစ်ဖြင့် GSM မိုဘိုင်းစခန်း ၁၅ ခုကို ဖုန်းခေါ်ဆိုမှု (အသံ)၊ စာတိုပေးပို့မှု (SMS) ဖွင့်လှစ် အသုံးပြုပေးထားကာ Transmission အဝေးဆက် ကြောင်းလိုင်းဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိ နေသေးသဖြင့် ပြည်သူများ ဆက်သွယ်ရေးအဆင်ပြေ စေရန်အတွက် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် သတ်မှတ်နေရာတွင် အင်တာနက်ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထား သည်။

အလားတူ ဖောင်းပြင်မြို့နယ်တွင်လည်း မိုက္ကရို ဝေ့အဝေးဆက်ကြောင်းနှင့် ပင်မမိုင်ဘာဆက်ကြောင်း ပြတ်တောက်မှု ဖြစ်ပွားနေရခြင်းအတွက် လက်ရှိ တွင် ဂြိုဟ်တုဆက်သွယ်ရေးစနစ် အသုံးပြု၍ ဖောင်းပြင်မြို့နယ်အတွင်း ဆက်သွယ်ရေး ဝန်ဆောင် မှုများ ပေးအပ်နိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ် ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ်မှ အစိုးရအဖွဲ့အကြီးအကဲများနှင့်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့သည်။

ကြိုဆိုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ် ဂျေပူရ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ရောက်ရှိကြရာ ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်မိုးလွင်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လေဆိပ်ဧည့်ခန်းမဆောင်တွင် ရာဂျာစတန် ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီးနှင့်တွေ့ဆုံ၍ နိုင်ငံတော်သမ္မတအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ဇွန်လအတွင်း တရားဝင်ခရီးစဉ် လာရောက်ခဲ့မှုနှင့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် ကောင်းမွန်အောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများ၊ နှစ်နိုင်ငံပြည်သူများ အကြား ကူးလူးဆက်ဆံမှုများစွာ ရှိပြီး နှစ်နိုင်ငံဆက်ဆံရေးသည် လက်ရှိအချိန်တွင် ဒေသအတွင်း အကောင်းဆုံးဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ တိုးမြှင့်နိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းတို့သည် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဂျေပူရ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာရာ ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) နှင့်တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ် ဂျေပူရ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်တွင် ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့် ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

❐ ရန်ကုန်မှ

ဩဂုတ် ၁၃ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့် သွေးကြောခွဲစိတ်ကုဌာနသို့ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ လူနာကို အထူးကြပ်မတ် ကုသမှုဌာနတွင် လိုအပ်သောကုသမှုများ ဆက်လက် ဆောင်ရွက်ပေးနေပြီး ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာပြီဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြော ခွဲစိတ်ကုသဌာနတွင် မွေးရာပါနှလုံးရောဂါများ၊ နှလုံး အဆို့ရှင်ဆိုင်ရာရောဂါများ၊ နှလုံးသွေးကြောပိတ် ရောဂါနှင့် နှလုံးသွေးလွှတ်ကြောမကြီး ခွဲစိတ်ကုသမှုများ ကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ်အတွင်း Major operation ခွဲစိတ်ကုသမှု ၂၃၅ ခုနှင့် ၂၀၂၆ ခုနှစ် ဇူလိုင်လအထိ ၁၃၅ ခု ဆောင်ရွက်နိုင်ခဲ့သည်။

ပါဝင်ဆောင်ရွက်

အဆိုပါ ခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်သည့် UK နိုင်ငံမှ ပါမောက္ခ ဒေါက်တာအောင်ရဲဦးသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ယခုအထိ မြန်မာနိုင်ငံ ၏ နှလုံးနှင့်သွေးကြောရောဂါ ခွဲစိတ်ကုသမှုတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာလအလွန် ၂၀၂၃ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၃ ရက်အထိ မြန်မာနိုင်ငံသို့ ကိုးကြိမ် လာရောက်ခဲ့ပြီး ပူးပေါင်းခွဲစိတ်ကုသမှု ၃၈ ခုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နှလုံးနှင့်သွေးကြောခွဲစိတ်ကုသမှုဆိုင်ရာ မျိုးဆက်သစ်များ မွေးထုတ်နိုင်ရေးအတွက် ဆေးပညာသင်ကြားရေး အစီအစဉ်များတွင်လည်း ပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



❖ တောင်ကြီးမြို့မှ

ထိုသို့ဆောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ (အပေါ်ပုံ)မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက တောင်ကြီးမြို့ ထီးဖောင်းကျေးရွာတွင် နိုင်ငံဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အငှားအိမ်ရာများ အကွက်ချပုံစံ၊ အခန်းဖွဲ့စည်းပုံတို့ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

မြိတ်မြို့၌ မူးယစ်ဆေးဝါး ဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပ

မြိတ် ဩဂုတ် ၁၇

တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု ပုလဲဒီပါရုပ်ရှိ စံပြတန်ဆောင်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါး၏ဆိုးကျိုးများအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



အသိပညာပေး ဟောပြောပွဲတွင် ကျောင်းအုပ်ကြီး ဦးလှမြင့်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပြောကြားသည်။ ထို့နောက် အမှတ်(၃၅) မူးယစ်တပ်ဖွဲ့စု(မြိတ်)မှ ဒုတိယရဲမှူး အောင်နိုင်ဝင်းက မူးယစ်ဆေးဝါး စတင်ဖြစ်ပေါ်လာပုံ၊ မူးယစ်ဆေးဝါး အမျိုးအစားများနှင့် ဆိုးကျိုးများအကြောင်း ပြောကြားသည်။

ဆက်လက်၍ မြိတ်မြို့မရဲတပ်ဖွဲ့ စခန်းမှ ရဲအုပ်ကျော်ကျော်ထက်က မြိတ်မြို့နယ်အတွင်း ဖြစ်ပွားသော မူးယစ်ဆေးဝါးမှုခင်းများ၊ ပြစ်မှု ပြစ်ဒဏ်များနှင့် ပြစ်မှုကျူးလွန်သူများအား အရေးယူဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးသင်းဥက္ကဋ္ဌ ဦးဝင်းမောင်က မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းစဉ်များနှင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိအိဖြိုးက မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆိုင်ရာများကို ပြောကြားသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားဝင်ခရီးစဉ်သွားရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ကာဇက်စတန် သမ္မတနိုင်ငံ အာမတီမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရိုခန် ဆာတီဘယ်လ်ဒီ၊ ကာဇက်စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရိုခန် ဆာတီဘယ်လ်ဒီ တို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးတရား မျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများက ရွေးကောက်တင်မြှောက်သည့် နိုင်ငံတော်အစိုးရမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်မှစ၍ ပြည်ပနိုင်ငံများသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ပြီး နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကာဇက်စတန် နိုင်ငံတို့အကြား နိုင်ငံတော်အဆင့် ချစ်ကြည်ရေး ခရီးစဉ်များ အပြန်အလှန်လည်ပတ်မှုများဆောင်ရွက်ပြီး နှစ်နိုင်ငံ အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ကုန်သွယ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံ အာမတီဒေသပြည်နယ်အုပ်ချုပ်ရေးမှူးက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး နိုင်ငံတော်သမ္မတက အာမတီဒေသပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ရုရှား ဖက်ဒရေးရှင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာကြရာ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ကာဇက်စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရိုခန် ဆာတီ ဘယ်လ်ဒီတို့ အာမတီမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။

လှိုင်မြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

လှိုင် ဩဂုတ် ၁၇

ရန်ကုန် တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် "မြို့ရွာသန့်ရှင်းသာယာလှပရေး အသိပညာပေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့က အမှတ်(၁၂) ရပ်ကွက် စက်မှုရိပ်သာမွေ့ခုံခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးစံကျော်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ လက်ထောက် အုပ်ချုပ်ရေးမှူး ဦးကျော်လင်းနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီ မြို့နယ်တာဝန်ခံ ဦးနေလင်းတို့က အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်း၊ အများပြည်သူနေရာများတွင် အမှိုက်မပစ်ရန် အသိပညာပေးခြင်း၊ ပတ်ဝန်းကျင် သာယာလှပရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းနှင့် စိမ်းလန်းသောနေရာများ ဖန်တီးခြင်း၊ လမ်းများနှင့် ရပ်ကွက်များ သန့်ရှင်းသပ်ရပ်အောင် ထိန်းသိမ်းခြင်း၊ ရပ်ကွက်အလိုက် သန့်ရှင်းရေးလှုပ်ရှားမှုများ ပြုလုပ်ခြင်းတို့ကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇော်ဇော်နိုင် (ပြန်/ဆက်)



ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွဲ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်

ဒုတိယပတ် - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွဲ့ဖြိုးရေး ရက်သတ္တပတ်

တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွဲ့ဖြိုးရေးရက်သတ္တပတ်

စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြုံတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနာထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သို့လှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်မှသည် ပြည်တွင်းငြိမ်းချမ်းရေးခရီးဆီသို့...

အောင်ကျော်မိုး (ငြိမ်းချမ်းရေး)

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ သက်တမ်းရှည်ကြာသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ရင်ဆိုင်နေရပြီး နိုင်ငံရေးစနစ်ကူးပြောင်းမှုတိုင်းတွင် တိုင်းပြည်တည်ဆောက်ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အဓိကစိန်ခေါ်မှုများ ဖြစ်ခဲ့ပါသည်။

ဒီမိုကရေစီအကူးအပြောင်းကာလ အစိုးရသစ်များ၏ သက်တမ်းဦးတွင် ချမှတ်လေ့ရှိသော "ရက် ၁၀၀ စီမံချက်"သည် အစိုးရ သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းခွင်များတွင် ဤကာလသည် ဦးတည်ချက်၊ မျှော်မှန်းချက်နှင့် လုပ်ငန်းစွမ်းဆောင်ရည်အစမျိုးမှုတို့ကို ပြသနိုင်ရန်အတွက် အလွန်အရေးပါသည်ဟု သတ်မှတ်ကြပါသည်။

ရက်ပေါင်း ၁၀၀ ကာလအတွင်း နိုင်ငံ့ခေါင်းဆောင်သစ်များအနေဖြင့် ယုံကြည်မှုတည်ဆောက်ခြင်း၊ စီမံခန့်ခွဲမှုစွမ်းရည်ကို ပြသခြင်းနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအတွက် အခြေခံအုတ်မြစ်ချခြင်းတို့ဆိုင်ရာ မဟာဗျူဟာမြောက်လုပ်ငန်းစဉ်များကို လုပ်ဆောင်လေ့ရှိပါသည်။ ထို့ပြင် ဤကာလသည် လက်ရှိအခြေအနေများကို ဆန်းစစ်ခြင်း၊ အဓိကဦးစားပေးကိစ္စရပ်များကို ဖော်ထုတ်ခြင်းနှင့် အရေးတကြီးကိစ္စရပ်များအပေါ် လျင်မြန်စွာ ဆုံးဖြတ်ချက်ချခြင်းတို့ ပြုလုပ်ရမည့်အချိန်လည်း ဖြစ်ပါသည်။

နိုင်ငံရေးနယ်ပယ်တွင်မူ ဤသဘောတရားကို ရွေးကောက်ပွဲကတိကဝတ်များအပေါ် လက်တွေ့လုပ်ဆောင်ချက်များအဖြစ် မည်မျှထိရောက်စွာ ပြောင်းလဲ အကောင်အထည်ဖော်နိုင်သည်ကို အကဲဖြတ်ရန်အတွက် မကြာခဏအသုံးပြုလေ့ရှိပြီး တစ်ချိန်တည်းမှာပင် ယင်းလုပ်ဆောင်ချက်များမှ တစ်ဆင့် ရရှိလာသော အရှိန်အဟုန်ကို အသုံးချကာ တရားဝင်မှုနှင့် ပြည်သူ့ထောက်ခံမှုကို တည်ဆောက်လေ့ရှိကြပါသည်။

ငြိမ်းချမ်းရေးဆိုင်ရာ ကြေညာချက်နှင့် မူဝါဒလမ်းစဉ်

နိုင်ငံတော်အစိုးရက ရက် ၁၀၀ စီမံချက်ကို ၂၀၂၆ ခုနှစ် ဧပြီလ ၂၀ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ သတ်မှတ်ကြေညာခဲ့ပါသည်။ အဆိုပါစီမံချက်တွင် အဓိပ်ပါးနှစ်ပိုင်းပါဝင်၍ ဝန်ကြီးဌာနများမှ စီမံချက်ဖြင့် ဆောင်ရွက်ရမည့်အဓိပ်ပါးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် သက်ဆိုင်သည့်အဓိပ်ပါးတို့ဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ NCA လက်မှတ်ရေးထိုးထားသော EAOs များအနက် လွန်ခဲ့သော ငါးနှစ်အတွင်း မတွေ့ဆုံဖြစ်ခဲ့သော အဖွဲ့များ (ဥပမာ– KNU၊ CNF၊ ABSDF) အား ပြန်လည်တွေ့ဆုံရန် ဖိတ်ခေါ်ခဲ့ရုံသာမက NCA လက်မှတ်မရေးထိုးရသေးသော EAOs များအားလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တက်ရောက်ရန် တရားဝင်ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပြီး PDF အဖွဲ့များသို့လည်း ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့ပါသည်။

နိုင်ငံတော်သမ္မတကြီးက ၂၀၂၆ ခုနှစ် ဧပြီလ ၂၀ ရက် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ ခြွင်ကြားခဲ့ရာတွင် **"ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးလိုချင်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိရင် ဖွံ့ဖြိုးရေးကိစ္စဆိုတာ ဘာမှလုပ်လို့မရဘူး။ ငြိမ်းချမ်းရေးလုပ်မှသာ၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းက လုပ်လို့ရတယ်။ ရှေ့က တည်ဆောက်ရေးလုပ်ငန်းလုပ်သွား၊ နောက်က အဖျက်လုပ်ငန်းတွေပါလာလို့ရှိရင် သမင်မွေးရင်း၊ ကျားစားရင်းဆိုသလို ဖြစ်နေမှာပေါ့။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးမှာလည်း မဖြစ်နိုင်တာတွေ လျှောက်တောင်းဆိုပြီးတော့မှ ကိုယ့်အဖွဲ့အစည်း တည်တံ့ခိုင်မြဲရေးအတွက် လုပ်နေတယ်ဆိုလို့ရှိရင်တော့ မှားသွားပါမယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်သင့်လုပ်ထိုက်တာတွေကိုတော့ နိုင်ငံတော်အနေနဲ့လည်း လုပ်ရမှာတွေရှိလာပါလိမ့်မယ်။** ဒါကြောင့် EAOs တွေမှာလည်း NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေရော၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုတဲ့ အဖွဲ့တွေရော ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ ဖိတ်ခေါ်ပါတယ်။

နောက် လက်မှတ်ရေးထိုးထားပြီးတော့မှ သဘောတူညီချက်ယူထားတာတွေရှိတယ်။ ဥပမာ အားဖြင့် ၄၃ ချက် သဘောတူညီထားတာရှိတယ်။ NCA လက်မှတ်ရေးထိုးပြီးတော့မှ ဆွေးနွေးခဲ့တဲ့ အထဲမှာ Union Accord ရထားတဲ့ သဘောတူညီချက်တွေရှိတယ်။ အဲဒါကိုလည်း လာမယ့် ပြည်ထောင်စုလွှတ်တော်တွေမှာ တင်ပြပြီးတော့ အပိုင်းလိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခုနက ပြောတဲ့ တွေ့ဆုံဆွေးနွေးခြင်း မပြုရသေးတဲ့ အဖွဲ့တွေလည်း တွေ့ဆုံဆွေးနွေးဖို့အတွက် ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားပြီးတော့ ဆွေးနွေးဖို့အတွက် ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်။ ဇူလိုင် ၃၁ ရက်နေ့မတိုင်မီမှာ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ပါမယ်။ ဒီလိုပဲ PDF နဲ့ ပတ်သက်လို့ရှိရင်လည်း ဒီကာလအတွင်းမှာ ဥပဒေဘောင်အတွင်း ဝင်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ နိုင်ငံရေးအရလည်း ဘာမှ ခိုင်လုံတဲ့ အကြောင်းပြချက်မဟုတ်ပါဘူး။ အဖွင့်မှာ ပြောခဲ့သလိုပဲ အသုံးချခံနေရလို့သာ ဖြစ်နေကြတာပဲဖြစ်ပါတယ်။ ဒါကြောင့် အသုံးချမခံရအောင် နေကြဖို့ ပြောလိုပါတယ်"ဟူ၍ PDF အဖွဲ့များအပါအဝင် အဖွဲ့အစည်းအသီးသီးကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာရန်နှင့် မိမိတို့၏သဘောထားများကို ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးကြရန် အလေးအနက် ဖိတ်ခေါ်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရ၏ လမ်းစဉ်မှာ တည်ငြိမ်အေးချမ်းရေးနှင့် ရှေ့လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် အဖွဲ့များသာမက လက်မှတ်မထိုးရသေးသည့် အဖွဲ့များကိုပါ တွေ့ဆုံဆွေးနွေးရန် တံခါးအမြဲဖွင့်လှစ်ထားရှိပါသည်။

PDF အဖွဲ့ဝင်များအနေဖြင့် အသုံးချခံဘဝမှ ရုန်းထွက်ကာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၍ နိုင်ငံတော်တည်ဆောက်ရေးတွင် ပူးပေါင်းပါဝင်ရန် တိုက်တွန်းထားပါသည်။ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်သူများအနေဖြင့် မိမိတို့၏ လူမှုစီးပွားဘဝများကို အေးချမ်းစွာ လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် ပြည်သူနှင့် အစိုးရအကြား ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် ငြိမ်းချမ်းလည်းကောင်း၊ အမိန့်အမှတ် ၃၇ / ၂၀၂၆ အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် "အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee)" နှင့် အမိန့်အမှတ် ၃၈ / ၂၀၂၆ အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက ချမှတ်ပေးသော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် "အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace–making Negotiation Committee)"ဟူသည့် ကော်မတီသုံးရပ်တို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ(NSPC)သည် ၂၀၂၆ ခုနှစ် ဧပြီလ ၂၂ ရက်တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ကိုထုတ်ပြန်ကြေညာခဲ့ပြီး ယင်းကြေညာချက်တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများကျင်းပပြုလုပ်နိုင်ရန် လေးနက်စွာ ဖိတ်ခေါ်အပ်ပါကြောင်း၊ လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများကျင်းပနိုင်ရန် အဓိကအချက်လေးချက်အနေဖြင့် "NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ NCA ပါ သဘောတူညီချက်များကို ပြီးစီးအောင်မြင်သည့် အထိ အတူတကွ ပူးတွဲအကောင်အထည်ဖော်နိုင်ရေး တွေ့ဆုံဆွေးနွေးရေး" ၊ "NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဒေသနှင့် နိုင်ငံတော်လုံးဖွံ့ဖြိုးတိုးတက်ရေး နှစ်ဖက်သဘောတူညီထားသည့် သဘောတူညီချက်များအတိုင်း နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ကြနိုင်ရေး" ၊ "NCA လက်မှတ်ရေးထိုးထားပြီး အကြောင်းအမျိုးမျိုးကြောင့် NCA လမ်းကြောင်းမှ သွေဖည်နေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြင့် ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းအဖြေရှာနိုင်ရေးအတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှု (Political Dialogue)များ ပြန်လည်လုပ်ဆောင်နိုင်ရေး"နှင့် "ယနေ့မှစ၍ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်အတွင်း ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို အသိအမှတ်ပြုလျက် ဆွေးနွေးပွဲများ ဆောင်ရွက်သွားနိုင်ရေးဟူ၍" ဖော်ပြပါရှိပါသည်။

> **"အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များအကြား တိုက်ရိုက်ထိတွေ့ဆက်ဆံမှုများကြောင့် ယုံကြည်မှုကွာဟချက်ကို အတိုင်းအတာတစ်ခုအထိ လျော့ချနိုင်ခဲ့ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဆီသို့ လျှောက်လှမ်းရာတွင် ဖက်ဒရယ်စနစ်၊ နယ်မြေစိုးမိုးမှု၊ သဘာဝသယံဇာတခွဲဝေမှုနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းစသည့်အကြောင်းအရာများသည် နက်ရှိုင်းသော အခြေခံအကြောင်းရင်းများပေါ်တွင် မူတည်နေသဖြင့် ရက်ပေါင်း ၁၀၀ ဟူသော အချိန်ကာလအတွင်း သဘောတူညီချက်ရရှိရန်မှာ အကန့်အသတ်များရှိနေနိုင်"**

ငြိမ်းချမ်းရေး ရက် ၁၀၀

နိုင်ငံတော်အစိုးရက ရက် ၁၀၀ စီမံချက်နှင့် ပတ်သက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိစ္စရပ်များအား အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်မတိုင်မီအချိန်မှစ၍ NCA စာချုပ်တွင် လက်မှတ်ထိုးထားသည့် အဖွဲ့အစည်းများ၊ လက်မှတ်ရေးထိုး၍ တွေ့ဆုံဆွေးနွေးမှုမလာရောက်သေးသည့်အဖွဲ့များ၊ NCA လက်မှတ်မရေးထိုးရသေးသည့်အဖွဲ့များအား တွေ့ဆုံဆွေးနွေးမှုများဖိတ်ခေါ်၍ လုပ်ငန်းစဉ်များ ချမှတ်ထားရှိခဲ့ရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ငြိမ်းချမ်းရေးကိုရှေးရှုသည့် လုပ်ငန်းစဉ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား စနစ်တကျ ဆွေးနွေးညှိနှိုင်းကာ ပကတိမြေပြင်အခြေအနေလိုအပ်ချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၇ သို့ ❐

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်) တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ရိုက်ကူးထုတ်လွှင့်နေမှု ပြည်ထောင်စုဝန်ကြီးဦးသန်းမောင် ကြည့်ရှုလေ့လာ



နေပြည်တော် ဩဂုတ် ၁၇

တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ် ထိန်းသိမ်းရန်နှင့် တိုင်းရင်းသားများ၏ လှုပ်ရှားမှုဆောင်ရွက်ချက်များအား မှတ်တမ်းထားရှိနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း(NRC)၏ ရိုက်ကူးထုတ်လွှင့်နေမှုကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းမောင် သည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ကြည့်ရှုလေ့လာသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ တိုင်းရင်းသား ဝန်ထမ်းများ၏ "ချစ်သော ပြည်ထောင်စု" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှု၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းစွမ်းဆောင်နေသည့် နိုင်ငံတော်မဟာသိမ်းနှင့် ဒီဒီယာမှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက NRC Channel ရိုက်ကူးထုတ်လွှင့်မှုအား လေ့လာသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC Channel) ထုတ်လွှင့်သည့် Presentation Room (2)၊ News Studio (2)၌ NRC Channel မှ ဝန်ထမ်းများ၏ သရုပ်ပြ သတင်းတင်ဆက်နေမှု၊ တိုင်းရင်းသား Radio Recording Studio ၌ "သူ့အလှည့်ရွေးသီတေးပန်းချီ" အစီအစဉ် အသံသွင်းနေမှု၊ Virtual Studio ၌ NRC Channel မှ ဝန်ထမ်းများ၏ "ဆွေညီနောင်များ ဘာသာစကားဖြင့် ရင်းနှီးချစ်ကြည်စေမည်" ဘာသာစကားအစီအစဉ် ရိုက်ကူးနေမှုနှင့် Audio Mastering Studio ၌ တိုင်းရင်းသားဝန်ထမ်းများ၏ နေပြည်တော်တီးဝိုင်းဖြင့် သီဆိုလေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုဥပဒေတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အခြေခံလူတန်းစားများအား သတ်မှတ်ဈေးနှုန်းနှင့်အညီ စာအုပ်ဆိုင်များရောင်းချပေး

ပြည် ဩဂုတ် ၁၇

ပြည်မြို့နယ်အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအား ပြည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် ခွဲတမ်းရစားအုန်းဆီများကို သတ်မှတ်ဈေးနှုန်းနှင့်အညီ ရောင်းချပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံနှင့် ဝန်ထမ်းများသည် မိတ်ဖက်ဌာနဆိုင်ရာများဖြစ်ကြသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စီမံကိန်းဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ စားအုန်းဆီလက်လီအရောင်းဆိုင်များသို့ သွားရောက်၍ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် စားအုန်းဆီများအား သတ်မှတ်ဈေးနှုန်းနှင့်အညီ စာအုပ်များဖြင့် စနစ်တကျရောင်းချပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ဖလမ်းမြို့အတွင်း ရုံးသုံးဆိုလာလျှပ်စစ်မီး တပ်ဆင်အသုံးပြုမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဖလမ်း ဩဂုတ် ၁၇

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရုံးပုံငွေဖြင့် ဖလမ်းခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ရုံးလုပ်ငန်းဆောင်ရွက်ရန် ဦးစားပေးအလိုက် ဆိုလာလျှပ်စစ်မီးများ တပ်ဆင်ပေးလျက်ရှိကြောင်း၊ ဖလမ်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် မြို့နယ်ပညာရေးမှူးရုံးတွင် 6KV Watt ဆိုလာလျှပ်စစ်မီးတပ်ဆင်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



6KV Watt ဆိုလာလျှပ်စစ်မီး တပ်ဆင်ခြင်းဖြင့် ရုံးသုံး Computer နှင့် Printer ငါးစုံ၊ ၂၀ ဝပ် အားသုံးလျှပ်စစ်မီးလုံး ၂၀ အပါအဝင် အခြားလျှပ်စစ်ပစ္စည်း ၁၀၀၀ ဝပ်ပမာဏခန့် သုံးစွဲနိုင်မည်ဖြစ်ပြီး ထိုသို့ ရုံးသုံးဆိုလာလျှပ်စစ်မီး တပ်ဆင်အသုံးပြုမှုနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးက ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာဝန်ထမ်း ၂၄၀ အား ကိုဗစ်ကာကွယ်ဆေးထိုးနံပေးနေမှုနှင့် အကြိမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ခရိုင်သစ်တော ဦးစီးဌာန ဦးစီးအရာရှိရုံး အမှတ် (၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီးကျောင်းဆောင်များကို မူလပုံသဏ္ဌာန်မပျက် ထိန်းသိမ်းပြုပြင်ရန် မှာကြားသည်။

အလားတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးသည် တီးတိန်မြို့နယ်အတွင်း အကြိမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် တီးတိန်မြို့မရဲစခန်း စခန်းရုံးသစ် အဆောက်အအုံ၊ တီးတိန်မြို့ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံ၊ အမျိုးသမီး အိမ်ဝင်းမူသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း စားရိပ်သာနှင့် သင်တန်းသူ နှစ်ထပ်အိပ်ဆောင်၊ မြေထိန်းနံရံဆေးသုတ်ခြင်း လုပ်ငန်းနှင့် စည်ပင်သာယာရေး အဖွဲ့က တီးတိန်-ငင် နှုန်းသွားလမ်း တစ်လျှောက် သန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များသည် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ဌာနဆိုင်ရာ အဆောက်အအုံများ ဖြစ်သည့် ရုပ်သံထပ်ဆင့်လွှင့်ရုံ နှစ်ခန်းတွဲ၊ ဝန်ထမ်းအိမ်ရာပြုပြင်ခြင်း၊ လူငယ်သင်တန်းကျောင်း ကျောင်းသားအိပ်ဆောင်၊ စတိုဆောင်နှင့် ထမင်းစားဆောင် ပြုပြင်ခြင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❐ စာမျက်နှာ ၆ မှ

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးကို တည်ဆောက်ရန်အတွက် "ငြိမ်းချမ်းရေးသည်သာ ပထမ"၊ "ငြိမ်းချမ်းရေးသည်သာ ဒုတိယ"၊ "ငြိမ်းချမ်းရေးသည်သာ တတိယ" ဟူသော သန္ဓိဋ္ဌာန်ချမှတ်၍ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်မှာ အစိုးရသစ်၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၃ ဖွဲ့နှင့် တွေ့ဆုံ ဆွေးနွေးခဲ့မှုများက သက်သေအခိုင်အမာပင် ဖြစ်ပေသည်။

အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များအကြား တိုက်ရိုက်ထိတွေ့ဆက်ဆံမှုများကြောင့် ယုံကြည်မှုကွာဟချက်ကို အတိုင်းအတာတစ်ခုအထိ လျော့ချနိုင်ခဲ့ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဆီသို့ လျှောက်လှမ်းရာတွင် ဖက်ဒရယ်စနစ်၊ နယ်မြေစိုးမိုးမှု၊ သဘာဝသယံဇာတခွဲဝေမှုနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း စသည့်အကြောင်းအရာများသည် နက်ရှိုင်းသော အခြေခံအကြောင်းရင်းများပေါ်တွင် မူတည်နေသဖြင့် ရက်ပေါင်း ၁၀၀ ဟူသော အချိန်ကာလအတွင်း သဘောတူညီချက်ရရှိရန်မှာ အကန့်အသတ်များ ရှိနေနိုင်ပါသည်။

ရက် ၁၀၀ စီမံချက်က ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အရှိန်အဟုန်မပျက် ဆက်လက်ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေးဆိုင်ရာ ခိုင်မာပြတ်သားသည့် သဘောထားဆန္ဒနှင့် တာဝန်ယူဆောင်ရွက်လိုမှုကို ထင်ဟပ်ပြသနိုင်ခဲ့ပါသည်။ သို့ရာတွင် ငြိမ်းချမ်းရေးသည် ရက် ၁၀၀ အတွင်း အပြီးသတ်နိုင်သည့် လုပ်ငန်းစဉ်တစ်ရပ်မဟုတ်ဘဲ ရေရှည်တည်တံ့ခိုင်မြဲစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်မှုများနှင့် ရေရှည်လုပ်ငန်းစဉ်များ လိုအပ်မည်ဖြစ်ပါသည်။ ရက် ၁၀၀ အတွင်း ရရှိခဲ့သည့် နိုင်ငံရေးသဘောတူညီချက်များနှင့် အတွေ့အကြုံများ၊ အပြုသဘောဆောင်သော ဆွေးနွေးချက်များနှင့် ရလဒ်များမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး တည်ဆောက်ရေးဆိုင်ရာ ဆွေးနွေးမှုများကို ဆက်လက်ဖော်ဆောင်ရန် လိုအပ်ပါသည်။

ထို့ပြင် ငြိမ်းချမ်းရေးဆွေးနွေးမှုများနှင့်အတူ ပဋိပက္ခရှောင်ပြည်သူများအတွက် ပြန်လည်နေရာချထားရေး၊ လူသွားလာမှုအဆင်ပြေစွာ ပြန်လည်တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်နက်တည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပြီး ယင်းလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်မှာလည်း အစိုးရတစ်ရပ်တည်း၏ ကြိုးပမ်းမှုဖြင့် မရနိုင်သည့်အတွက် သက်ဆိုင်သူအားလုံးနှင့် လူမှုအသိုင်းအဝိုင်း အသီးသီး၏ စဉ်ဆက်မပြတ် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသားအားလုံးပါဝင်သော ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ကနဦးစီမံချက်ရေးဆွဲဆောင်ရွက်မည်

မန္တလေး ဩဂုတ် ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် စသည့်ဒေသသုံးခုရှိ ကျေးလက်နေအမျိုးသမီးများအတွက် ကျေးလက်နေအမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး ကနဦးစီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၏ ပြောကြားချက်အရ သိရသည်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေအမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့် ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ယင်းသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စီမံချက်တွင် စာဖတ်ရှုနိုးဆွတ်ခြင်းရေး၊ ကျေးလက်စာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ကူညီပံ့ပိုးရေး၊ ကျောင်းနေအရွယ် ကလေးများအား လုံး အနည်းဆုံး Grade-9 အထိ ပညာသင်ကြားနိုင်ရေး၊ အမျိုးသမီးများအနေဖြင့် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး အတွက် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များနှင့် ပူးပေါင်း၍ public- private partnership ဆောင်ရွက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံချက်နယ်မြေများတွင် ကျန်းမာရေးနှင့်အာဟာရသက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး စသည့်ကဏ္ဍများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေ အမျိုးသမီးများ၏ အမှုအကျင့်များပြောင်းလဲလာအောင် သင်တန်းများ ပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့ကို စံပြခရိုင်များအဖြစ်ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားကြောင်း၊ ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကို ပြင်ဦးလွင်၊ ပုသိမ်ကြီး၊ ကျောက်ဆည်၊ အမရပူရနှင့် မြစ်သားမြို့နယ်တို့ရှိ ကျေးရွာသုံးရွာစီဖြင့် ကျေးရွာ ၁၅ ရွာ ဆောင်ရွက်မည့်အစီအစဉ်၌ မိတ္ထီလာခရိုင်တွင် ကျေးရွာရွှစ်ရွာနှင့် ရမည်းသင်းခရိုင်တွင် ကျေးရွာလေးရွာ ထပ်မံထည့်သွင်းပြီး ကျေးရွာ ၂၇ ရွာ ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ အမျိုးသမီးအဖွဲ့များနှင့်တွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ၌ ဂဟေသင်တန်းဖွင့်

ဘားအံ ဩဂုတ် ၁၇

နည်းပညာနှင့် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်များပြားလာသည်နှင့်အညီ ကျွမ်းကျင်လုပ်သားလိုအပ်မှု များပြားလာသည့်အတွက် ယနေ့မွန်းလွဲပိုင်းက ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာတွင် ဂဟေသင်တန်းကို ဖွင့်လှစ်သည်။



ယနေ့ဖွင့်လှစ်သည့် ဂဟေသင်တန်းမှ အရည်အချင်းပြည့်မီသော ကျွမ်းကျင်လုပ်သားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် လုပ်ငန်းခွင်အတွင်း လုံခြုံဘေးကင်းစွာ လုပ်ကိုင်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသော ဂဟေဆက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့ကို စနစ်တကျလေ့ကျင့်သင်ယူခွင့်ရရှိကြမည် ဖြစ်ပြီး အထူးသဖြင့် ဂဟေဆက်ခြင်း ပညာရပ်သည် ဆောက်လုပ်ရေး လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ သံထည်လုပ်ငန်းနှင့် အခြားသောနည်းပညာ ဆိုင်ရာလုပ်ငန်း ကဏ္ဍအသီးသီးတွင် မရှိမဖြစ်လိုအပ်သည့် အရေးပါသော အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခု ဖြစ်ကာ သင်တန်းကို ကရင်ပြည်နယ် အစိုးရအဖွဲ့ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီက ကြီးမှူးရွေး ပြည်နယ် အလုပ်သမားဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (ဘားအံ)၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်သည်။

ရှင်းလင်းတင်ပြ

သင်တန်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ် အလုပ်သမားဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဖွင့်လှစ်ခဲ့သော သင်တန်းများမှ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်း တက်ရောက်ကြမည့် သင်တန်းသား ၂၀ ကို နှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



မြဝတီမြို့၌ မော်တာစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

မြဝတီ ဩဂုတ် ၁၇

ကရင်ပြည်နယ် မြဝတီခရိုင် MSME အေဂျင်စီက ကြီးမှူးဖွင့်လှစ်သည့် MSME ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးပညာသင်တန်းကျောင်းတွင် ကျင်းပသည်။

ဦးစွာ ခရိုင် MSME အေဂျင်စီဥက္ကဋ္ဌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲလင်းမောင်က အမှာစကားပြောကြားသည်။ ထို့နောက် မော်တာစက်ချုပ်သင်တန်းတွင် ထူးချွန်ခဲ့ကြသည့် သင်တန်းသူများအား ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများကို လည်းကောင်း၊ သင်တန်းနည်းပြဆရာမများအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ ခရိုင် MSME အေဂျင်စီဥက္ကဋ္ဌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ပြီး အလုပ်သမားမှတ်ပုံတင်ကတ်များကို သင်တန်းသူများ၏ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဥက္ကဋ္ဌကို ဦးစီး၍ အရာရှိနှင့် အခြားအဆင့် တပ်ဖွဲ့ဝင်တို့က လွှိုင်ကော်မြို့အဝင် ကန္တာရတိလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲ/ယာရှိ ပေါင်းပင်များကိုရှင်းလင်းပြီး သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

သုတ(ပြန်/ဆက်)

ကျောက်ဆည်မြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ကျောက်ဆည် ဩဂုတ် ၁၇

မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲပိုင်းက ကျောက်ဆည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန်-မန္တလေးလမ်းနှင့် မုန့်ပေါင်း-သပြေကုန်း-တောတွင် ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုကြသည်။

လမ်းညွှန်မှာကြား

ဦးစွာ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)က လမ်းများခင်းရာ၌ အရည်အသွေးမီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး လမ်းညွှန်မှာကြားသည်။ အဆိုပါ ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာ လေးရွာမှ ပြည်သူ ၄၀၀၀ ခန့်တို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။



သက်မောင်(ကျောက်ဆည်)

အလုပ်သမားဆေးရုံ(ထန်းတပင်)တွင် နာတာရှည် ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားများအတွက် ကျောက်ကပ်သွေးသန့်စင်ဆေးကြောစက် တပ်ဆင်ပြီး ကျန်းမာရေးဝန်ဆောင်မှုပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ(ထန်းတပင်)တွင် နာတာရှည်ကျောက်ကပ်ရောဂါ ခံစားနေရသော အာမခံ အလုပ်သမားများအတွက် ကျောက်ကပ်သွေးသန့်စင်ဆေးကြောစက် တပ်ဆင်ပြီး ကျန်းမာရေးဝန်ဆောင်မှုပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဆေးရုံမှ သိရသည်။





ကြည့်ရှုစစ်ဆေး

အဆိုပါဆေးရုံတွင် ကျောက်ကပ်သွေးသန့်စင်ဆေးကြောစက် တပ်ဆင်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်မည့် နေရာနှင့် ဆောင်ရွက်နိုင်မည့် အခြေအနေကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့သွားရောက်စဉ်ဆေးရုံတက်ရောက်ကုသနေသော အာမခံအလုပ်သမား လူနာများကို လှည့်လည်ကြည့်ရှုပြီး အားပေးစကား ပြောကြားသည်။

ထို့အတူ အလုပ်မြို့နယ် လူမှုဖူလုံရေးရုံးဝင်းအတွင်းရှိ ပျက်စီးနေသော လူမှုဖူလုံရေးရုံးနှင့် ဆေးခန်း၊ ကြည့်မြင်တိုင် မြို့နယ် လူမှုဖူလုံရေးဆေးခန်း အဆောက်အဆုံဟောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်ထိန်းသိမ်း ဆောင်ရွက်ရမည့် အဆောက်အဆုံများနှင့် အသစ်ထပ်မံတည်ဆောက်ရမည့် အဆောက်အဆုံများကို ရေရှည်တည်တံ့နိုင်စေရေး အစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားရန် မှာကြားသည်။

ယနေ့နံနက်ပိုင်းကလည်း လှိုင်သာယာမြို့နယ်ရှိ အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းကျောင်းခွဲ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီဝင်များ အတွက် ဖွင့်လှစ်ခဲ့သည့် သင်တန်းအမှတ်စဉ်(၁၄/၂၀၂၆) သင်တန်းဆင်းပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းပြီးမြောက်ကြောင်း လက်မှတ်များ ပေးအပ်သည်။

ဖွင့်လှစ်ပို့ချ

အဆိုပါသင်တန်းကို လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီဝင်များ၏ ဘာသာရပ်ဆိုင်ရာ အရည်အသွေးတိုးတက်စေရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာစီမံခန့်ခွဲမှု စနစ်တည်ထောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ကော်မတီဝင်များ၏ အသိအမြင်များ တိုးတက်လာစေရန် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ လစဉ် ဖွင့်လှစ်ပို့ချပေးလျက်ရှိကာ လက်ရှိအချိန်ထိ စက်ရုံ ၁၂၈၅ ရုံမှ သင်တန်းသား ၁၃၇၇ ဦးကို သင်တန်းပို့ချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၇

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၆)၏ သင်တန်းဖွင့်ပွဲ ကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုးဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန်၊ နိုင်ငံဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက သင်တန်းသား သင်တန်းသူများသည် ပြန်တမ်းဝင်အရာရှိဖြစ်လာရန် အရည်အချင်းစစ်ဆေးမှုအဆင့်ဆင့်ကို ကျော်ဖြတ်ပြီးမှ ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီး၌ လစ်လပ်လျက်ရှိသော စတင်ခန့်ရာထူးနေရာများအတွက် ရွေးချယ်ခံခဲ့ကြရသူများဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများသည် နိုင်ငံဝန်ထမ်းများဖြစ်၍ နိုင်ငံဝန်ထမ်းသစ္စာအမိန့်ဌာန်(၆)ချက်ကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ညွှန်ကြားချက်များအပြင် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် အပါး ၃၀ ကို စံပြအဖြစ် ကိုယ်တိုင်လိုက်နာပြီး လက်အောက်ဝန်ထမ်းများကို လမ်းညွှန်ပေးရန်၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး အလုပ်အပေါ်စေတနာထားကာ အနာဂတ်အတွက် အားထားရသည့် ဝန်ထမ်းကောင်းများဖြစ်စေရေး အားထုတ်ကြရန် တိုက်တွန်းမှာကြားသည်။

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၆)သို့ သင်တန်းသား ၃၉၉ ဦး၊ သင်တန်းသူ ၁၀၇ ဦး စုစုပေါင်း ၁၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၇ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် တက္ကသိုလ်အစည်းအဝေးခန်းမတွင် တက္ကသိုလ်မှ ပညာရပ်အဖွဲ့နှင့်တွေ့ဆုံ၍ ပညာဌာနများမှ သင်တန်းအလိုက် ဆွေးနွေးပို့ချသည့် ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများအပေါ် သုံးသပ်တင်ပြခြင်း အစီအစဉ်သို့ တက်ရောက်ပြီး ပြင်ဆင်ဖြည့်စွက်သည့် ကိစ္စရပ်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရေလဲကြီးကျေးရွာနှင့် သာရဝေါကျေးရွာတို့မှ အိမ်ထောင်စု ၄၂၈ စု အတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် ဆေးဝါးများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီးတိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင်ကွင်း ကျေးရွာအုပ်စု အုန်းပင်ကွင်း ဆည်မြောင်း မြစ်ကမ်းပန်းတာထိပ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်လျက်ရှိသော ရေလဲကြီး ကျေးရွာနှင့် သာရဝေါကျေးရွာတို့မှ အိမ်ထောင်စု ၄၂၈ စုအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် ဆေးဝါးများကိုယမန်နေ့ ညနေပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက လှူဒါန်းပေးအပ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့အတွင်းရှိ ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ကြေပုဂ်ချောင်း ကျေးရွာအုပ်စုရှိ အဖျောက်ကမ်းရင်းတာ မိုင်တိုင် (၄၄/၂)မှ ပန်းတာအတွင်းသို့ ရေဝင်ရောက်နေမှုနှင့် ရေကင်းစခန်းများ ချထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ အခြေခံစားသောက်ကုန်နှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဘားလား ကျေးရွာအုပ်စု အမှတ်(၇) လမ်းဘေးရှိ Yangon Motor sport Complex(YMC) ဖွင့်ပွဲသို့ တက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ YMC မှ တာဝန်ရှိသူများက Yangon Motor sport Complex(YMC) ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားကာ YMC Workshop နှင့် ကားမောင်းလေ့ကျင်ရေးကွင်းတွင် ထိုင်းနိုင်ငံမှ Drift ကားမောင်းချန်ပီယံမှ သရုပ်ပြမောင်းနှင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

နွဲ့ထက်ကို(ပြန်/ဆက်)





ရေဘေးကယ်ဆယ်ရေးယာဉ်များ သွားလာမှုအဆင်ပြေရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

အင်္ဂပူ ဩဂုတ် ၁၇

လေးမျက်နှာမြို့နယ်သို့ ရေဘေးကယ်ဆယ်ရေးယာဉ်များ အဓိက သွားလာနေသည့် အင်္ဂပူမြို့နယ် ပဆင - ဒေါင့်ကြီး - ဘောဇကိုင်းလမ်းနှင့် လေးမျက်နှာမြို့နယ် ခတ္တူ - ဘိသလွန် - ကရင်တော - ကတက်ကုန်း - ရွာသာကုန်း လမ်းများအား ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

အင်္ဂပူမြို့နယ် ပဆင - ဒေါင့်ကြီး - ဘောဇကိုင်းလမ်းနှင့် လေးမျက်နှာမြို့နယ် ခတ္တူ - ဘိသလွန် - ကရင်တော - ကတက်ကုန်း - ရွာသာကုန်း လမ်းတို့ကို ရေဘေးကယ်ဆယ်ရေးယာဉ်များ သွားလာမှုအဆင်ပြေရေးအတွက် လမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ကျော်လူနှင့် ဟသံတခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်နိုင်ဝင်းတို့က ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

ရုရှားနိုင်ငံ၏ AI ဖွံ့ဖြိုးတိုးတက်မှု

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

ဥာဏ်ရည်တုနည်းပညာသည် ၂၁ ရာစုတွင် တိုးတက်ဖွံ့ဖြိုးလာသော နည်းပညာတစ်ခုအဖြစ် အလျင်အမြန် ရောက်ရှိလာပြီဖြစ်သည်။ ရုရှားနိုင်ငံအတွက် AI သည် သိပ္ပံနည်းကျသုတေသနနယ်ပယ်တစ်ခုမျှသာမဟုတ်တော့ဘဲ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာအချုပ်အခြာအာဏာပိုင်မှု (technological sovereignty) တို့၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ AI ယှဉ်ပြိုင်မှုတွင် ရုရှားနိုင်ငံသည် ခက်ခဲသောအခေနအထားနှင့် ရင်ဆိုင်နေရသည်။ အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် အဆင့်မြင့်မော်ဒယ်များ၊ ကွန်ပျူတာအခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးလက်လှမ်းမီမှုတို့တွင် ဦးဆောင် AI အင်အားကြီးနိုင်ငံများအဖြစ် ဆက်လက်တည်ရှိနေသည်။ သို့သော်လည်း ရုရှားနိုင်ငံသည် ၎င်း၏ကိုယ်ပိုင်ချဉ်းကပ်မှုကို တီထွင်ခဲ့ပြီး နိုင်ငံခြားပလက်ဖောင်းများကို အပြည့်အဝမှီခိုမည့်အစား မော်စကိုသည် ရုရှားဒေတာ၊ ကွန်ပျူတာအခြေခံအဆောက်အအုံ၊ အရည်အချင်း (talent) နှင့် ဒေသတွင်း တီထွင်ထားသော အခြေခံပုံစံများကို အခြေခံ၍ ပြည်တွင်း AI ဂေဟစနစ်တစ်ခုတည်ဆောက်ရန် ကြိုးစားနေသည်။

ရုရှား၏မဟာဗျူဟာသည် ၂၀၂၆ ခုနှစ်တွင် အရှိန်အဟုန်အသစ်ရရှိခဲ့သည်။ ရုရှားဖက်ဒရယ် လွှတ်တော်၏ အောက်လွှတ်တော် (State Duma) သည် ဇူလိုင်လတွင် ကြီးမားသော AI အခြေခံပုံစံများဖွံ့ဖြိုးတိုးတက်ရေး၊ ဖြန့်ကြက်ရေးနှင့် အသုံးပြုမှုအတွက် ဥပဒေဘောင်တစ်ခု ချမှတ်သည့်ဥပဒေကို အတည်ပြုခဲ့သည်။ အဆိုပါဥပဒေသည် "အချုပ်အခြာအာဏာပိုင်" (Sovereign) နှင့် "အမျိုးသား" (National) AI ပုံစံများ၏ သဘောတရားများကို မိတ်ဆက်ခဲ့ပြီး မဟာဗျူဟာမြောက် AI နည်းပညာများအပေါ် ပြည်တွင်းထိန်းချုပ်မှုကို အားကောင်းစေရန် မော်စကို၏ ခိုင်မာသောရည်ရွယ်ချက်ကို ထင်ဟပ်စေသည်။

ဥာဏ်ရည်တုအတွက် အမျိုးသားမဟာဗျူဟာ

ရုရှားနိုင်ငံ၏ AI ဖွံ့ဖြိုးတိုးတက်မှုသည် လွန်ခဲ့သောနှစ်အနည်းငယ်က အစိုးရ၏အာရုံစိုက်မှုကို အလေးအနက်ရရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် မူလက အတည်ပြုခဲ့သော ၎င်း၏ဥာဏ်ရည်တုဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားမဟာဗျူဟာသည် AI ကို မဟာဗျူဟာဦးစားပေးအဖြစ် သတ်မှတ်ခဲ့သည်။ သုတေသန၊ ပညာရေး၊ အချက်အလက်ရရှိနိုင်မှု၊ ကွန်ပျူတာစွမ်းရည်နှင့် AI ၏ လက်တွေ့အသုံးချမှုများကို အရှိန်မြှင့်တင်ရန် မဟာဗျူဟာကို နောက်ပိုင်းတွင် ခေတ်မီအောင်ပြုလုပ်ခဲ့သည်။

အဓိကအယူအဆမှာ AI သည် ရုရှား၏ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးနေသကဲ့သို့ အမျိုးသားစီးပွားရေးနှင့် မဟာဗျူဟာဦးစားပေးများကိုလည်း ပံ့ပိုးပေးသင့်သည်။ ဆိုလိုသည်မှာ AI ကို စီးပွားဖြစ်နည်းပညာတစ်ခုအဖြစ်သာမက အမျိုးသားအခြေခံအဆောက်အအုံ၏ တစ်စိတ်တစ်ပိုင်းအဖြစ်ပါ သဘောထားခြင်းဖြစ်သည်။

GigaChat သို့မဟုတ်
ရုရှား၏ ပြည်တွင်း AI ပလက်ဖောင်း

ရုရှား၏ AI ရည်မှန်းချက်များထဲမှာ အထင်ရှားဆုံး ဥပမာတစ်ခုမှာ Sberbank မှ တီထွင်ထားသော GigaChat ဖြစ်သည်။ GigaChat ကို ရုရှားဘာသာစကားဖြင့် ဖန်တီးနိုင်သော AI စွမ်းရည်များ ပံ့ပိုးပေးရန် ဒီဇိုင်းထုတ်ထားပြီး နိုင်ငံတကာတွင် တီထွင်ထားသောစနစ်များအတွက် ပြည်တွင်း ရွေးချယ်စရာတစ်ခုဖန်တီးရန် ကြိုးပမ်းမှုကို ကိုယ်စားပြုသည်။ ၎င်း၏ အရေးပါမှုသည် chatbot တစ်ခုဖြစ်ခြင်းထက် ကျော်လွန်သည်။ ၎င်းအချက်က ပြည်တွင်းကုမ္ပဏီများ၊ သုတေသီများနှင့် အသုံးပြုသူများသည် ဒေသတွင်းထိန်းချုပ်ထားသော AI နည်းပညာများကို ပိုမိုအားကိုးနိုင်သည့် ဂေဟစနစ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရန် ရုရှား၏ကြိုးပမ်းမှုကို ပြသသည်။

Sberbank သည် နိုင်ငံ၏ AI ဖွံ့ဖြိုးတိုးတက်မှု အဓိကမောင်းနှင်အားများထဲမှ တစ်ခုဖြစ်လာခဲ့သည်။ ယင်းသည် GigaChat နှင့်အတူ AI သုတေသန၊ ဒေတာစင်တာများ၊ စက်သင်ယူမှု အခြေခံအဆောက်အအုံ၊ ဘဏ်လုပ်ငန်းနှင့် အခြားစက်မှုလုပ်ငန်းများအတွက် အက်ပလီကေးရှင်းများ တွင် များစွာရင်းနှီးမြှုပ်နှံထားသည်။

အောင်မြင်သော AI ဖွံ့ဖြိုးတိုးတက်မှုသည် ကွန်ပျူတာစွမ်းအား၊ ဒေတာ၊ အယ်လ်ဂိုရီသမ်များ၊ ကျွမ်းကျင်သောသုတေသီများ၊ အက်ပလီကေးရှင်းများနှင့် အသုံးပြုသူများပါဝင်သည့် ဂေဟစနစ်တစ်ခုလုံး လိုအပ်ပါသည်။ ဤနယ်ပယ်များတွင် ရုရှား၏တိုးတက်မှုသည် မညီမျှသေးသော်လည်း ပြည်တွင်းပလက်ဖောင်းများ ပေါ်ပေါက်လာခြင်းက နိုင်ငံတွင် သိသာထင်ရှားသော AI သုတေသနနှင့် အင်ဂျင်နီယာစွမ်းရည်များရှိကြောင်း ပြသနေသည်။

Yandex နှင့် ရုရှား AI ဂေဟစနစ်

နောက်ထပ်အရေးကြီးသောပါဝင်သူမှာ ရုရှား၏ အဓိကနည်းပညာကုမ္ပဏီ Yandex ဖြစ်သည်။ Yandex သည် ၎င်း၏ ဒီဂျစ်တယ်ဂေဟစနစ်တွင် ပေါင်းစပ်ထားသော YandexGPT နှင့် AI-based ဝန်ဆောင်မှုများအပါအဝင် ၎င်း၏ကိုယ်ပိုင် generative AI နည်းပညာများကို တီထွင်ခဲ့သည်။ Sberbank နှင့်အတူ Yandex သည် ရုရှား၏ ပုဂ္ဂလိကကဏ္ဍ AI အတွက် ပံ့ပိုးကူညီမှု၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခုကို ကိုယ်စားပြုသည်။

ဤကုမ္ပဏီများ၏ အရေးပါမှုမှာ ၎င်းတို့သည် AI သုတေသနကို လက်တွေ့ဝန်ဆောင်မှုများအဖြစ် ပြောင်းလဲနိုင်ခြင်းဖြစ်သည်။ AI ကို အချက်အလက်ရှာဖွေခြင်း၊ ဘာသာပြန်ခြင်း၊ ဖောက်သည်ဝန်ဆောင်မှု၊ ဆော့ဖ်ဝဲဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ပညာရေးနှင့် အခြားကဏ္ဍများတွင် အသုံးချနိုင်သည်။

AI နှင့် စီးပွားရေး ခေတ်မီအောင်ပြုလုပ်ခြင်း

ရုရှားနိုင်ငံသည် AI ကို ထုတ်လုပ်မှုတိုးတက်စေရန်နှင့် ၎င်း၏စီးပွားရေးကို ခေတ်မီအောင်ပြုလုပ်ရန် ကိရိယာတစ်ခုအဖြစ်လည်း ရှုမြင်ထားသည်။ AI သည် ကုမ္ပဏီများအား ပုံမှန်လုပ်ငန်းဆောင်တာများကို အလိုအလျောက်လုပ်ဆောင်ရန်၊ သတင်းအချက်အလက်အမြောက်အမြားကို ခွဲခြမ်းစိတ်ဖြာရန်၊ ထောက်ပံ့ပို့ဆောင်ရေးတိုးတက်စေရန်၊ ဌေကြေးဆိုင်ရာလိမ်လည်မှုများကို ရှာဖွေတွေ့ရှိရန်၊ စက်မှုလုပ်ငန်းစဉ်များကို အကောင်းဆုံးဖြစ်အောင် ပြုလုပ်ရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရန် ပံ့ပိုးပေးရန် ကူညီပေးနိုင်သည်။

ထုတ်လုပ်မှုတွင် AI ကို ကြိုတင်ခန့်မှန်းသည် AI ပညာရေးနှင့် သုတေသနကို ပိုမိုအလေးပေးလာခဲ့သည်။ တက္ကသိုလ်များသည် AI ဆက်စပ် အစီအစဉ်များကို တိုးချဲ့နေပြီး အစိုးရနှင့် စက်မှုလုပ်ငန်းများသည် စက်သင်ယူမှု၊ ရှိဘော့၊ ဒေတာသိပ္ပံ၊ အဆင့်မြင့်ကွန်ပျူတာတို့နှင့် အလုပ်လုပ်နိုင်သော ကျွမ်းကျင်သူများ ပိုမိုများပြားလာစေရန် ရှာဖွေနေကြသည်။ ထို့ကြောင့် စိန်ခေါ်မှုမှာ သုတေသီများအား လုံလောက်သော ကွန်ပျူတာအရင်းအမြစ်များနှင့် နိုင်ငံတကာအဆင့် သုတေသနအတွက် အခွင့်အလမ်းများကို ပံ့ပိုးပေးနေစဉ်တွင် ဤပါရမီရှင်များ ပိုမိုများပြားလာစေရန်ဖြစ်သည်။

နောက်ဆုံးတွင် AI သည် လူ့စွမ်းအားအရင်းအမြစ်ကို အဓိကအသုံးပြုသည့် နည်းပညာတစ်ခုဖြစ်သည်။ ဌေကြေးအရင်းအမြစ်များစွာရှိသော နိုင်ငံများတွင်ပင် အရည်အချင်းပြည့်ဝသော သုတေသီများ၊ အင်ဂျင်နီယာများနှင့် စွန့်ဦးတီထွင်သူများမပါဘဲ ယှဉ်ပြိုင်နိုင်သော AI ဂေဟစနစ်များကို တည်ဆောက်နိုင်မည်မဟုတ်ချေ။

ရုရှားနှင့် ကမ္ဘာတောင်ဘက်ခြမ်း ဖွံ့ဖြိုးဆဲနိုင်ငံများ (Global South)

ရုရှား၏ AI မဟာဗျူဟာဆိုင်ရာစိတ်ဝင်စားဖွယ် အကောင်းဆုံးရှုထောင့်တစ်ခုမှာ ကမ္ဘာတောင်ဘက်ခြမ်းဖွံ့ဖြိုးဆဲနိုင်ငံများ (Global South) အပေါ် စိတ်ဝင်စားမှုမြင့်တက်လာခြင်းဖြစ်သည်။ ရုရှားနည်းပညာကုမ္ပဏီများသည် အချုပ်အခြာအာဏာပိုင် AI သဘောတရားကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပို့မိုးဖြင့်တင်ပေးလာကြသည်။ ဥပမာအားဖြင့် Sberbank သည် ၎င်းတို့၏ ဒီဂျစ်တယ် အခြေခံအဆောက်အအုံနှင့် ဒေသတွင်းသက်ဆိုင်ရာ AI စနစ်များကို ပို့မိုထိန်းချုပ်လိုသော နိုင်ငံများအတွက် GigaChat နှင့် ဆက်စပ် AI နည်းပညာများကို အလားအလာရှိသော ဖြေရှင်းချက်များအဖြစ် တင်ပြခဲ့သည်။ မကြာသေးမီက အစီရင်ခံစာများအရ အာရှ၊ အာဖရိက၊ လက်တင်အမေရိကနှင့် အခြားထွန်းသစ်စနိုင်ငံများနှင့် ထိတွေ့ဆက်ဆံရန် ရုရှား၏ကြိုးပမ်းမှုများကို မီးမောင်းထိုးပြခဲ့သည်။ ယင်းသည် အရေးကြီးသော ပထဝီနိုင်ငံရေးဖြစ်နိုင်ခြေကို ဖန်တီးပေးသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများစွာသည် AI မှ အကျိုးကျေးဇူးရယူလိုသော်လည်း ၎င်းတို့၏ ဒီဂျစ်တယ်ဂေဟစနစ်များသည် နိုင်ငံခြားနည်းပညာကုမ္ပဏီအနည်းငယ်အပေါ် လုံးဝမှီခိုနေရခြင်းကို မလိုလားကြချေ။

ထို့ကြောင့် ရုရှား၏သတင်းစကားသည် အချို့နိုင်ငံများအတွက် အလားအလာရှိသော ဆွဲဆောင်မှုရှိသည်။ ယင်းသည်ကား အမျိုးသားဘာသာစကားများ၊ အမျိုးသားဒေတာနှင့် အမျိုးသားဦးစားပေးမှုများအရ AI ကို တီထွင်ခြင်းပင်ဖြစ်သည်။

သို့သော် ရုရှားသည် ဤသဘောတရားကို ဖော်ဆောင်သော တစ်ခုတည်းသောနိုင်ငံမဟုတ်ပါ။ တရုတ်၊ အိန္ဒိယ၊ ဥရောပသမဂ္ဂနှင့် အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်အာရှ နိုင်ငံများစွာသည်လည်း AI အချုပ်အခြာအာဏာအတွက် ၎င်းတို့၏ကိုယ်ပိုင်ချဉ်းကပ်မှုများကို တီထွင်နေကြသည်။

ရှေ့သို့လျှောက်လှမ်းရမည့်လမ်း

ရုရှား၏ AI ဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့ကျကျ ရှုမြင်ကြည့်လျှင် သိသာထင်ရှားသော အားသာချက်များရှိသည်။ ယင်းတို့မှာ ခိုင်မာသော သိပ္ပံနည်းကျ အစဉ်အလာ၊ များပြားလှသော အင်ဂျင်နီယာပါရမီရှင်၊ အဓိကနည်းပညာကုမ္ပဏီများ၊ အစိုးရ၏ ကတိကဝတ်နှင့် တိုးပွားလာသော ပြည်တွင်း AI ဂေဟစနစ်တို့ဖြစ်သည်။ **စာမျက်နှာ ၁၁ သို့** ❋

❋ **ရုရှား၏ AI ရည်မှန်းချက်များထဲမှာ အထင်ရှားဆုံး ဥပမာတစ်ခုမှာ Sberbank မှ တီထွင်ထားသော GigaChat ဖြစ်သည်။ GigaChat ကို ရုရှားဘာသာစကားဖြင့် ဖန်တီးနိုင်သော AI စွမ်းရည်များ ပံ့ပိုးပေးရန် ဒီဇိုင်းထုတ်ထားပြီး နိုင်ငံတကာတွင် တီထွင်ထားသောစနစ်များအတွက် ပြည်တွင်းရွေးချယ်စရာတစ်ခုဖန်တီးရန် ကြိုးပမ်းမှုကိုကိုယ်စားပြု**

❋ **Sberbank သည် နိုင်ငံ၏ AI ဖွံ့ဖြိုးတိုးတက်မှု အဓိကမောင်းနှင်အားများထဲမှ တစ်ခုဖြစ်လာခဲ့သည်။ ယင်းသည် GigaChat နှင့်အတူ AI သုတေသန၊ ဒေတာစင်တာများ၊ စက်သင်ယူမှု အခြေခံအဆောက်အအုံ၊ ဘဏ်လုပ်ငန်းနှင့် အခြားစက်မှုလုပ်ငန်းများအတွက် အက်ပလီကေးရှင်းများတွင် များစွာရင်းနှီးမြှုပ်နှံထား**

ဗမ္မာသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ သက်ကြီးရွယ်အိုများ နေပိုင်းစောင့်ရှောက်ရေးဂေဟာ၌ သက်ကြီးရွယ်အို ဘိုးဘွား ၃၈ ဦးနှင့် နေပြည်တော်ကလေးပြုစုရေးဌာန၌ ကလေးငယ် ၃၇ ဦးအား စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် သြဂုတ် ၁၇

ဗမ္မာသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ သက်ကြီးရွယ်အိုများ နေပိုင်းစောင့်ရှောက်ရေးဂေဟာ၌ သက်ကြီးရွယ်အိုများအား အခြေခံကျန်းမာရေး စောင့်ရှောက်မှု၊ လူမှုရေးဝန်ဆောင်မှု၊ အပန်းဖြေ အနားယူမှုနှင့် အသိပညာများပြန်လည်ဝေမျှပေးနိုင်မှု၊ ဝါသနာပါရာလုပ်ငန်းများ ဆောင်ရွက်နိုင်မှုစသည့် ဝန်ဆောင်မှုများ ဆောင်ရွက်နေမှုနှင့် အဆိုပါဂေဟာ၌ နေပြည်တော်ကလေးပြုစုရေးဌာနရှိ ကလေးငယ်များ ပြုစုစောင့်ရှောက်ထားရှိမှုတို့ကို ယမန်နေ့နံနက် ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် သွားရောက်ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် အလှူငွေနှင့် သက်ကြီးရွယ်အိုများအတွက် အာဟာရဖြစ် စားသောက်ဖွယ်ရာပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်းခဲ့သည်။



အဆိုပါ သက်ကြီးရွယ်အိုများ နေပိုင်းစောင့်ရှောက်ရေးဂေဟာတွင် သက်ကြီးရွယ်အို ဘိုးဘွား ၃၈ ဦးနှင့် နေပြည်တော် ကလေးပြုစုရေးဌာန၌ ကလေးငယ် ၃၇ ဦးအား စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ကောင်စီရုံး အစည်းအဝေး ခန်းမ၌ ဆိုလာစွမ်းအင်သုံး EV အားသွင်းစနစ်နှင့် စက်မှုလုပ်ငန်း ပေါင်းစပ်စီမံကိန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက လာရောက်ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ရင်ပြင်၌ နံရံကပ် ဖောင်းကြွရုပ်ပုံများနှင့် ရုပ်တုများ ထားရှိနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နေပြည်တော် စည်ပင် သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပ ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြဆွေးနွေး မှုအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည် များမှာကြားပြီး ပြည်သူ့ရင်ပြင်သို့ လှည့်လည်ကြည့်ရှု ခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဧရာမြေ)

ရခိုင်ပြည်နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ

စစ်တွေ သြဂုတ် ၁၇

၂၀၂၆ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှု ပြည်နယ်အဆင့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပခဲ့ပြီး အသက် (၅)နှစ် အောက်ကလေး များအား အင်အားပြည့်ဗီတာမင် (အေ)ဆေးလုံး တိုက်ကျွေးခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အထူးအာဟာရဆေးပြားများ၊ အစားအစာလက်ဆောင်ခြင်းများ ပေးအပ်ခြင်းနှင့် အာဟာရဆိုင်ရာ အသိပညာဗဟုသုတ ဥာဏ်စမ်း ပဟေဠိဖြေဆိုခြင်းများ ဆောင်ရွက်သည်။



ကြည့်ရှုအားပေး

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးက ‘ဘဝအစ လှပဖို့၊ မိခင်နို့ချို တိုက်ကျွေးလို့၊ အလေ့အထ ကောင်းများ ဖြင့်တင်စို့’ ၂၀၂၆ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၏ ဆောင်ပုဒ်နှင့်အညီ မိခင်နို့တိုက်ကျွေးခြင်း မှအစပြု၍ အသက်အရွယ်အလိုက် အာဟာရ စောင့်ရှောက်မှုလုပ်ငန်း များ ပိုမိုခိုင်မာအားကောင်းလာ စေရန် နိုးနွဲ့ယဉ်ကြေးဌာန များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် ပြည်သူလူထုအားလုံး ပူးပေါင်း ဆောင်ရွက် ကြစေလိုကြောင်း ပြောကြားပြီး ၂၀၂၆ခုနှစ် အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ်ဗီဒီယိုနှင့် ခန်းမအတွင်း ပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေး သည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ(ICRC) ၏ မြန်မာနိုင်ငံ ဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque နှင့် အဖွဲ့အား လက်ခံတွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်း ခြေငွေစာရင်း ရေးဆွဲခြင်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်း အဝေးသို့ တက်ရောက်ပြီး ပြည်သူ များ၏ အမှန်တကယ်လိုအပ်ချက် များကို ထည့်သွင်းလျာထားရန်၊ ခွင့်ပြုဘဏ္ဍာငွေရရှိပြီး ပြန်လည် အပ်နှံရခြင်းမရှိစေရေး အလေး ထားဆောင်ရွက်ရန် ပြောကြား၍ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် အရအသုံးမှန်း ခြေငွေစာရင်း ရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြ သည်။

အလားတူ ပြည်နယ်ဝန်ကြီး များနှင့် ဌာနဆိုင်ရာများက အကြံပြုတင်ပြကြရာ တင်ပြချက် များအပေါ် ပြည်နယ်ဝန်ကြီးချုပ် က ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)
ဓာတ်ပုံ- ဝင်းမင်းစိုး

လှည်းကူးပညာရေးဒီဂရီကောလိပ်၌ ကြက်ခြေနီအသင်းခွဲ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် သြဂုတ် ၁၇

ရန်ကုန် တိုင်းဒေသကြီး လှည်းကူး ပညာရေးဒီဂရီ ကောလိပ်၌ ကြက်ခြေနီအသင်းခွဲ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနား ကို ယနေ့နံနက်ပိုင်းက ပညာ့ အားမာန်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် လှည်းကူး ပညာရေးဒီဂရီကောလိပ် မှ ကျောင်းသား ကျောင်းသူ ၉၀ နှင့် ဆရာ ဆရာမ ငါးဦး စုစုပေါင်း ၉၅ ဦးတို့က သွေးလှူဒါန်းခဲ့ ကြသည်။

အခမ်းအနားတွင် လှည်းကူး ပညာရေးဒီဂရီ ကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေး လွင်နှင့် ဆရာ ဆရာမများ၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာနမှဒေါက်တာနွယ်နွယ်ဦး နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ကြက်ခြေနီ သူနာပြုတာပိဖွဲ့ တိုင်းတပ်ဖွဲ့မှူး ဦးထိန်လင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နင်းနင်းစိုးနှင့် အဖွဲ့ဝင်များက သွေးလှူဒါန်းသည့်ကျောင်းသား ကျောင်းသူများအား အားပေး ကြည့်ရှုခဲ့ကြပြီး တိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဒုတိယ ဥက္ကဋ္ဌဦးတင်မောင်က အာဟာရ ဒါနများကို ပေးဝေခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်



*** စာမျက်နှာ ၁၀ မှ**

တစ်ချိန်တည်းမှာပင် ရုရှားသည်ခေတ်မီသော တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ကွန်ပျူတာစွမ်းရည်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာနည်းပညာကွန်ရက်များကို ဝင်ရောက်ခွင့်တို့တွင် ပြင်းထန်သော ကန့်သတ်ချက်များနှင့် ရင်ဆိုင်နေရသည်။ ၎င်း၏ ပိုမိုလက်တွေ့ကျသောရည်မှန်းချက်မှာ အစိုးရ စက်မှုလုပ်ငန်းနှင့် လူအဖွဲ့အစည်းကို ပံ့ပိုးပေးနိုင် သည့် ကိုယ်တိုင်ရပ်တည်နိုင်သော အမျိုးသား AI ဂေဟစနစ်တစ်ခု တည်ဆောက်ရန်ဖြစ်နိုင်သည်။ နိုင်ငံခြားနည်းပညာများအပေါ် မှီခိုမှုကို လျော့ချ ရန်လည်း ဖြစ်နိုင်သည်။

AI ယှဉ်ပြိုင်မှုမှ AI အချုပ်အခြာအာဏာသို့

ရုရှား၏ AI ဖွံ့ဖြိုးတိုးတက်မှုသည် နည်းပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၏ ထူးခြားသောပုံစံကို ကိုယ်စားပြုသည်။ အမေရိကန်ပြည်ထောင်စု သို့မဟုတ် တရုတ်နိုင်ငံ၏ AI မဟာဗျူဟာများကို ရိုးရိုးရှင်းရှင်း ပြန်လည်ထုတ်လုပ်ရန် ကြိုးစားမည့် အစား ရုရှားသည် အချုပ်အခြာအာဏာ၊ ပြည်တွင်း အခြေခံအဆောက်အအုံ၊ အမျိုးသားဒေတာ၊ ရုရှား ဘာသာစကားပုံစံများနှင့် နိုင်ငံတော်က ထောက်ပံ့ သော နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အလေးပေး နေသည်။ GigaChat ပေါ်ပေါက်လာခြင်း၊ Yandex ၏ AI စွမ်းရည်များ တိုးချဲ့ခြင်းနှင့် အခြေခံပုံစံများ အတွက် ဥပဒေဘောင်အသစ်များက ရုရှားသည် AI ကို ရေရှည်အမျိုးသားစွမ်းရည်အဖြစ် ပြောင်းလဲရန် ကြိုးစားနေကြောင်း ပြသနေသည်။

ထို့ကြောင့် အရေးကြီးဆုံးမေးခွန်းမှာ ရုရှား သည် ၎င်း၏ စီးပွားရေးခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာလွတ်လပ်မှုကို ပံ့ပိုးပေးရန် လုံလောက် သော၊ ခိုင်မာသော AI ဂေဟစနစ်တစ်ခုကို တည်ဆောက်နိုင်မလားဆိုသည့် မေးခွန်းဖြစ်သည်။ ယင်းအချက်သာအောင်ဖြင်ပါက ရုရှားသည် ကမ္ဘာ့ တောင်ပိုင်းဒေသတစ်လျှောက် သိသာထင်ရှားသော ဩဇာလွှမ်းမိုးမှုရှိသော ဒုတိယအဆင့်ကမ္ဘာလုံး ဆိုင်ရာ AI အင်အားကြီးနိုင်ငံတစ်ခုဖြစ်လာနိုင်သည်။ ၎င်း၏အတွေ့အကြုံသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးကြီးသော သင်ခန်းစာတစ်ခုကိုလည်း ပေးစွမ်း လိမ့်မည်။ AI ခေတ်တွင် နည်းပညာအချုပ်အခြာ အာဏာသည် အဆင့်မြင့် algorithms များ ပိုင်ဆိုင် ခြင်းအပေါ်တွင်သာမက ဒေတာ၊ အရည်အချင်း၊ ကွန်ပျူတာ အခြေခံအဆောက်အအုံနှင့် ၎င်းတို့ကို ထိရောက်စွာအသုံးပြုရန် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်ရှိခြင်းအပေါ်တွင်လည်း မူတည်နိုင်ပေ သည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် ဉာဏ်ရည်တုသည် ရုရှားနိုင်ငံအတွက် ရွှေထောင့်အသစ်တစ်ခုဖြစ်လာ နေသည်။ ရုရှား၏တုံ့ပြန်မှုက AI ၏ အနာဂတ်ကို နည်းပညာကမ္ဘာကြီးအနည်းငယ်ကြား ယှဉ်ပြိုင်မှု ဖြင့်သာ ပုံဖော်မည်မဟုတ်ကြောင်း ပြသနေသည်။ ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေးလိုအပ်ချက်များ၊ ဘာသာစကားများ၊ တန်ဖိုးများနှင့် မဟာဗျူဟာ အကျိုးစီးပွားများကို ထင်ဟပ်စေသော AI စနစ် များတည်ဆောက်ရန် ပုံဖော်ပေးမည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ။

References

1. Xinhua. (2026, July 8). Russia passes AI law establishing legal framework for foundation models.
2. Reuters. (2026, June 3). Russia's Sberbank offers AI model to Global South states keen to bridge digital divide.

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

ပဲခူး သြဂုတ် ၁၇

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး၊ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှု ရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး အတွက် မိဝေးဖဝေး မိသားစုများနှင့် ဝေးကွာပြီး နေ့မအားညမနား လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သော ရှေ့တန်းစစ်မျက်နှာအသီးသီးမှ ရှေ့တန်းပြန် တပ်မတော်သားများအား ပဲခူးမြို့နယ်မြေခံတပ်မဌာနချုပ်၌ ဂုဏ်ပြုကြိုဆိုခဲ့သည်။

အဆိုပါနိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး အတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်သားများ၏ မိသားစုဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက စံပယ်ပန်းကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီး၊ အမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





နတ်တလင်းမြို့နယ်၌ စားအုန်းဆီများ စျေးနှုန်းမြင့်တင်ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းဆောင်ရွက်

နတ်တလင်း သြဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ပြည်သူများအား ဖြန့်ဝေနေသော စားသုံးဆီလက်လီ/လက်ကားဆိုင်များတွင် စျေးနှုန်းမြင့်တင်ရောင်းချခြင်းမရှိစေရေး ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

နတ်တလင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စားအုန်းဆီများ၊ ဘူးသွတ်ဆီများအား အမှန်တကယ်ရောင်းချနေမှု အခြေအနေ၊ ဝယ်ယူမှုအခြေအနေများ၊ စီးဆင်းမှုလမ်းကြောင်း၊ ရောင်းချနေသော ဆီအမျိုးအစားနှင့် စျေးနှုန်းအခြေအနေများ၊ တရားမဝင် ဘူးသွတ်ဆီများရောင်းချမှုမဖြစ်ပေါ်စေရေး ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် သြဂုတ် ၁၇

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော် သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဧရယာသီရိမြို့နယ်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ရေဆင်း)မှ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်း ပြောကြားသည်။ ထို့နောက် ကျောင်းသားကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပ ပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်လက်နက် ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကူးခဲ့ကြကြောင်း သိရသည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်။

ဝ။ ကျွန်မကတော့ နေပြည်တော် ဧရယာသီရိမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း(ရေဆင်း)မှ ဒုတိယအလယ်တန်းပြဆရာမ ဒေါ်ခင်မြတ်နိုး ဖြစ်ပါတယ်။ ကျွန်မက G-8 ကျောင်းသားတွေရဲ့ တာဝန်ကြီးကြပ်ရေးနဲ့ စည်းကမ်းထိန်းသိမ်းမှုအနေနဲ့ လိုက်လာတာ ဖြစ်ပါတယ်။ ကျွန်မရဲ့ ပထမဦးဆုံး



လေ့လာရေး အတွေ့အကြုံ ခရီးလည်းဖြစ်ပါတယ်။ ကလေးတွေက သမိုင်းနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို အရင်တုန်းကဆိုရင် သင်ခန်းစာထဲမှာပဲ သင်ကြားခဲ့ရပါတယ်။ အခုဆိုရင် သင်ခန်းစာနဲ့ ပတ်သက်ဆက်စပ်တဲ့ လက်တွေ့မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းတွေ၊ တပ်မတော်ရဲ့သမိုင်းတွေအကုန်လုံးကို ဒီစစ်သမိုင်းပြတိုက်မှာ လက်တွေ့ လာရောက်



ဆက်စပ်ပြီး လေ့လာခွင့်ရတာကြောင့် ကလေးတွေအတွက် ဗဟုသုတတွေ ပိုပြီးတိုးပွားစေလို့ ကျွန်မကပြုပြီး ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်မတို့ ကျောင်းတွေကို တပ်မတော်စစ်သမိုင်းပြတိုက်ကို လေ့လာရေးခရီးစဉ်တွေ စီစဉ်ပေးတဲ့အတွက် တာဝန်ရှိတဲ့ အကြီးအကဲတွေရော တာဝန်ရှိတဲ့ သက်ဆိုင်ရာ လူကြီးမင်းတွေ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားချင်ပါတယ်ရှင်။

၂။ သမီးကတော့ နေပြည်တော် ဧရယာသီရိမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း (ရေဆင်း)



G-9 မှာ ပညာသင်ကြားနေတဲ့ ကျောင်းသူ မအိမြတ်ကျော် ဖြစ်ပါတယ်ရှင်။ သမီးအရင်က ဒီနေရာကို တစ်ခါမှ မလေ့လာဖူးပါဘူးရှင်။ ဒါပထမဆုံး ရောက်ဖူးတာပါရှင်။ အခုလို တပ်မတော် စစ်သမိုင်းပြတိုက်ကို ပထမဆုံးလေ့လာခွင့်ရတဲ့အတွက် အလွန်ပျော်ပါတယ်။ ဗဟုသုတတွေလည်း အများကြီးရပါတယ်။ လေယာဉ်အမျိုးအစားတွေကို အများကြီးတွေ့ရှိလေ့လာခွင့်ရပါတယ်။ အခုလို သမီးတို့ကို လေ့လာခွင့်ရအောင် ဆောင်ရွက်ပေးတဲ့ ဆရာ ဆရာမများအပါအဝင် တာဝန်ရှိသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်ရှင်။

သတင်းစဉ်



မြောက်ဥက္ကလာပမြို့နယ်၌ ရွှေဟင်္သာရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် သြဂုတ် ၁၇

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်ရှိ သမဝါယမအသင်းများမှ ရွှေဟင်္သာရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ် ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဣန္ဒာလမ်းရှိ အသင်းခန်းဦ ပြုလုပ်သည်။

ရှင်းလင်းပြောကြား

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ချစ်ကိုကိုဦးက အသင်းများအနေဖြင့် သမဝါယမအသင်းဥပဒေအရ အမှုဆောင်ရွေးချယ်တင်မြောက်ရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းစာရင်းစစ်က ဖတ်ကြားတင်ပြခဲ့ပြီး အသင်းသားများ၏ အတည်ပြုချက်များ ရယူကာ အမှုဆောင် ရွေးချယ်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးသို့ အသင်းသား ၂၈ ဦး တက်ရောက်ခဲ့ပြီး အစုပေါ်အမြတ်နှင့် အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

တောင်ကိုရီးယားနှင့် ပူးပေါင်းဆောင်ရွက်မည့် စစ်ရေးလေ့ကျင့်မှုများကို လျှော့ချရန် သမ္မတထရမ့် ညွှန်ကြား



ဝါရှင်တန် ဩဂုတ် ၁၇

အမေရိကန်နှင့် တောင်ကိုရီးယားအကြား ပူးပေါင်းဆောင်ရွက်ရန်ရှိသည့် စစ်ရေးလေ့ကျင့်မှုများကို လျှော့ချရန် သမ္မတထရမ့်က ဩဂုတ် ၁၆ ရက်တွင် ပင်တဂွန်စစ်ဌာနချုပ်အား ညွှန်ကြားခဲ့ကြောင်း သိရသည်။

လူမှုမီဒီယာပို့စ်တစ်ခုတွင် မိမိအနေဖြင့် အမေရိကန်၏ တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မည့် ကိစ္စရပ်များအပေါ် နှစ်ဖြို့ခြင်းမရှိကြောင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် မိမိအကြား ကောင်းမွန်သည့်ဆက်ဆံရေးရှိခြင်းကလည်း ယခုကဲ့သို့ ဖြစ်လာစေရေး အကြောင်းရင်းတစ်ရပ်ဖြစ်သည်ဟု ထရမ့်က ပြောကြားသည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုများအတွက် ကုန်ကျစရိတ်ကို အမေရိကန်က အများဆုံးကျခံခြင်းဖြစ်ကာ ၎င်းကဲ့သို့ စစ်ရေးလေ့ကျင့်မှုများဆောင်ရွက်ခြင်းသည် မြောက်ကိုရီးယားအပေါ် ရန်လိုသည့် သဘောထားဆောင်သည့်အတွက် မိမိသမ္မတ ရာထူးတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မြောက်ကိုရီးယားအပေါ် ခြိမ်းခြောက်ခြင်းပြုမည် မဟုတ်ဘဲ လေးစားစွာဆက်ဆံမည်ဟု ထရမ့်က ပြောကြားခဲ့သည်။

ထို့ကြောင့် အချိန်မလွန်မီကာလအတွင်း အမေရိကန်က တောင်ကိုရီးယားနှင့် ပူးတွဲဆောင်ရွက်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို လျှော့ချရန် ကာကွယ်ရေးဝန်ကြီး ပီတာဟက်ဂက်အား မိမိညွှန်ကြားခဲ့ကြောင်း ၎င်းကပြောကြားသည်။

ကိုးကား - အင်နဲအိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့်အား အစ္စရေးက လိုက်နာဆောင်ရွက်ရေး တွန်းအားပေးရန် ဟားမတ်စ်အဖွဲ့တိုက်တွန်း

ဂါဇာ ဩဂုတ် ၁၇

ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့် အစီအစဉ်ကို အစ္စရေးက အတည်ပြုဆောင်ရွက်ရေးအတွက် စေ့စပ်ညှိနှိုင်းသူများက တွန်းအားပေးရန် ဟားမတ်စ်အဖွဲ့က ဩဂုတ် ၁၆ ရက်တွင် တိုက်တွန်းခဲ့သည်။

ယခု တောင်းဆိုချက်ကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ခါလတ် အယ်လ်ဟာယာ ဦးဆောင်သည့် ဟားမတ်စ်ကိုယ်စားလှယ်အဖွဲ့နှင့် စေ့စပ်ညှိနှိုင်းသူများ အကြား အစည်းအဝေးကျင်းပခဲ့ပြီးနောက် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

စေ့စပ်ညှိနှိုင်းသူများ နှင့် အမေရိကန် ဦးဆောင်သည့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့အနေဖြင့် အစ္စရေးအား ပထမအဆင့် သဘောတူညီချက်တွင်ပါဝင်သည့် သတ်ဖြတ်မှုများနှင့် မြေပြင် တိုက်ခိုက်မှုများ ရပ်တန့်ရေးအပါအဝင် ဒုတိယအဆင့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ပူးပေါင်း၍ တွန်းအား ပေးရန် ဟားမတ်စ်ကိုယ်စားလှယ်အဖွဲ့က ပန်ကြားခဲ့သည်။

ဟားမတ်စ်အဖွဲ့ အနေဖြင့် ထာဝရတည်တံ့မည့် အပစ်အခတ်ရပ်စဲရေးကို ထိန်းသိမ်းရန် ရည်ရွယ်ကြောင်းနှင့် အပစ်အခတ် ရပ်စဲရေး ဒုတိယအဆင့် အစီအစဉ်တွင် အစ္စရေးတပ်ဖွဲ့များ ဂါဇာဒေသမှ ဆုတ်ခွာရေး၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ စဉ်ဆက်မပြတ်ရရှိရေးနှင့် ဂါဇာဒေသ အုပ်ချုပ်ရေး အဖွဲ့၏ လုပ်ငန်းများကို စတင် ဆောင်ရွက်နိုင်ရေးတို့ ပါဝင်ကြောင်း သိရသည်။ ယခုလအစောပိုင်းတွင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက အမေရိကန် ဦးဆောင်သည့် ငြိမ်းချမ်းရေးအစီအစဉ်ကို ရှုတ်ချကြောင်းနှင့် ဟားမတ်စ်အဖွဲ့ လက်နက် ဖြုတ်သိမ်းမှု အလုံးစုံမပြီးမချင်း ဂါဇာဒေသမှ အစ္စရေးတပ်ဖွဲ့များ ဆုတ်ခွာမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေး ဘုတ်အဖွဲ့သည် ဂါဇာငြိမ်းချမ်းရေး သဘောတူညီချက်၏ ဒုတိယအဆင့်အား အကောင်အထည်ဖော်ရန် အချက် ၁၅ ချက်ပါ လမ်းပြမြေပုံကို ဇူလိုင် ၃၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။



ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ဟော်မုဇ်ရေလက်ကြားတွင် လမ်းကြောင်းသစ်ဆိုင်ရာ မြေပုံသတ်မှတ်ရေး အီရန်နှင့် အိုမန် သဘောတူညီချက်ရရှိ

တီဟီရန် ဩဂုတ် ၁၇

ဟော်မုဇ်ရေလက်ကြား ရေကြောင်းသွားလာရေးအတွက် လမ်းကြောင်းသစ်ဆိုင်ရာ မြေပုံသတ်မှတ်ရေး အီရန်နှင့် အိုမန်နိုင်ငံတို့ သဘောတူညီခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေးဗဂါအီက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

ဟော်မုဇ်ရေလက်ကြားတွင် စိတ်ချရသည့် လမ်းကြောင်းသစ်သတ်မှတ်ရေး အီရန်နှင့် အိုမန်အကြား ဆွေးနွေးမှုများနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများကို တီဟီရန်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ဖြေကြားရာတွင် ၎င်းက အထက်ပါပြောကြားခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြား လက်ရှိအချိန်တွင် နောက်ဆုံးသဘောတူညီချက် ထုတ်ပြန်ရေးဆောင်ရွက်နေပြီး ၎င်းသဘောတူညီချက်အရ လမ်းကြောင်းသစ်ဆိုင်ရာ မြေပုံနှင့် ပူးတွဲကြေညာချက်တို့ကို ထုတ်ပြန်မည်ဟု သိရသည်။

ဟော်မုဇ်ရေလက်ကြား လမ်းကြောင်းသစ်သတ်မှတ်ရာတွင် ဝင်ရောက်စွက်ဖက်ဆောင်ရွက်လိုသည့် အဖွဲ့အစည်းများရှိကြောင်း ၎င်းကပြောကြားသည်။

အီရန်နှင့် အိုမန်အနေဖြင့် အထက်ပါအရေးကိစ္စဆိုင်ရာ အမြင်များ ဖလှယ်ခြင်းကို ဆောင်ရွက်နေပြီး မိမိတို့၏ အကျိုးနှင့် နိုင်ငံတကာ ရေကြောင်းသွားလာရေးဆိုင်ရာ အကျိုးများအတွက် စဉ်းစားဆောင်ရွက်နေကြောင်း အီရန်တာဝန်ရှိသူက ပြောကြားသည်။

အီရန်နှင့် အိုမန်အနေဖြင့် အထက်ပါအရေးကိစ္စဆိုင်ရာ အမြင်များ ဖလှယ်ခြင်းကို ဆောင်ရွက်နေပြီး မိမိတို့၏ အကျိုးနှင့် နိုင်ငံတကာ ရေကြောင်းသွားလာရေးဆိုင်ရာ အကျိုးများအတွက် စဉ်းစားဆောင်ရွက်နေကြောင်း အီရန်တာဝန်ရှိသူက ပြောကြားသည်။

အီရန်နှင့် အမေရိကန်အကြား ရရှိခဲ့သည့် သဘောတူညီချက်အရ ချုံကလီးယားအရေးနှင့် ပိတ်ဆို့အရေးယူမှုများဖယ်ရှားရေး ဆွေးနွေးရန် ဖြစ်သော်လည်း အဆိုပါသဘောတူညီချက်ကို အမေရိကန်က ချိုးဖောက်နေခြင်းကြောင့် ဆွေးနွေးမှုများ ပြန်လည်စတင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

လာအိုနိုင်ငံ၌ ဒစ်ဂျစ်တယ်သီတင်းပတ် ကျင်းပမည်

ဗီယင်ကျန်း ဩဂုတ် ၁၇

လာအိုနိုင်ငံတွင် ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးရေးအတွက် ဒစ်ဂျစ်တယ်သီတင်းပတ်အား ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ခေတ်မီစက်မှုလုပ်ငန်းများဖြင့်တင်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး ဖြင့်တင်ရေးအတွက် နိုင်ငံသားများအား လိုအပ်သည့် အသိပညာများပေးမည်ဖြစ်ကြောင်း သိရသည်။

ဒစ်ဂျစ်တယ်သီတင်းပတ် အခမ်းအနားကို မြို့တော် ဗီယင်ကျန်းတွင် အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ၎င်းအခမ်းအနားတွင် အစိုးရဌာနဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျောင်းသားများနှင့် လုပ်ငန်းရှင်များအား ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများ ပြသကာ ဒစ်ဂျစ်တယ်ဆိုင်ရာ အသိပညာပေးမှုများကို ဖြင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း နည်းပညာနှင့် ဆက်သွယ်ရေးဝန်ကြီး ဆန့်တီဆောက်ဆီမာလဇောင်အား ကိုးကား၍ လာအိုသတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။ ကမ္ဘာကြီးတွင် လက်ရှိအချိန်၌ ဉာဏ်ရည်တုနည်းပညာဇောက်ရောက်ရှိနေပြီး ကလောက်နည်းပညာ၊ ဆိုက်ဘာလုံခြုံရေး၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းများ တည်ထောင်ရေးနှင့် အခြားဇောတ်မိနည်းပညာများသည် ကဏ္ဍစုံတွင် မရှိမဖြစ်အရေးကြီးလာသည်ကို တွေ့ရှိရကြောင်း ၎င်းကပြောကြားသည်။ လာအိုနိုင်ငံတွင်ဆောင်ရွက်နေသည့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုများသည် နည်းပညာများကို ဆောင်ကြဉ်းလာခြင်းသာမကဘဲ နိုင်ငံသားများနှင့် အစိုးရဌာနများ၏ စဉ်းစားတွေးခေါ်မှုနှင့် အရင်းအမြစ်များအပေါ် စီမံခန့်ခွဲမှုစနစ်များကိုပါ ပြောင်းလဲစေခဲ့ကြောင်း ၎င်းကပြောကြားသည်။

ယခုကဲ့သို့ နိုင်ငံအတွင်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုများကို ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်လျော့နည်းစေခြင်းသာမကဘဲ ဈေးကွက်ရရှိမှုအတွက် အဆင်ပြေစေကာ လုပ်ငန်းများ အဆင်ပြေလာနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မြို့ပြနှင့် ကျေးလက်ဒေသများအကြားတွင် ဒစ်ဂျစ်တယ်ဆိုင်ရာ ကွာဟချက်ကျဉ်းမြောင်းစေရေး၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ၏ အရည်အသွေးကို မြှင့်တင်ပေးရေးနှင့် နိုင်ငံ၏ ဒစ်ဂျစ်တယ်စနစ်အပေါ် နိုင်ငံသားများ၏ ယုံကြည်ချက်များ ခိုင်မာစေရေး အတွက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ဖိလစ်ပိုင်နိုင်ငံဒေသအချို့၌ သဘာဝဘေးများကြောင့် စာသင်ကြားခြင်းရပ်နားထားရ

မနီလာ ဩဂုတ် ၁၇

ဖိလစ်ပိုင်နိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းများကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် ရေကြီးရေလျှံမှုများဖြစ်ခဲ့သဖြင့် မက်ထရိုမနီလာဒေသနှင့် ဒေသ ၁၂ ခုတွင် ကျောင်းသားများ ကိုယ်တိုင် တက်ရောက် သင်ကြားရမည့် စာသင်ခန်းများအား ရပ်နားထားရန် အစိုးရက ညွှန်ကြားခဲ့ကြောင်း ဒေသန္တရမီဒီယာများက ဩဂုတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။



ညွှန်ကြားချက်ထုတ်ပြန်

သဘာဝဘေး ခံစားရသည့် ဒေသများရှိ ကျောင်းများနှင့် ဌာနအဖွဲ့အစည်းများကို မရှိမဖြစ် လုပ်ငန်းဆောင်ရွက်ရမည့် ဌာနများမှအပ တိုက်ရိုက်လုပ်ငန်းဆောင်ရွက်ခြင်းမှ ရပ်နားထားရန် သမ္မတရုံးက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

မြို့ကြီး ၅၀ တွင် သဘာဝဘေးဆိုင်ရာ အရေးပေါ်အခြေအနေကြေညာထားကြောင်း မြို့ပြကာကွယ်ရေးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ နိုင်ငံအတွင်း ရေကြီးရေလျှံမှု ထိန်းချုပ်ရေးအခြေခံအဆောက်အအုံများအား စီမံခန့်ခွဲမှုအားနည်းခြင်းကြောင့် သဘာဝဘေးတုံ့ပြန်ရေး ဆောင်ရွက်ရာတွင် အာနည်းချက်များရှိခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ရမည်းသင်းမြို့နယ် ဘွက်ကျေးရွာ၌ ရွှေပွင့်လန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းက မိုးဝါ ၄၅ ဧက စိုက်ပျိုးထား

နေပြည်တော် ဩဂုတ် ၁၇

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဘွက်ကျေးရွာတွင် ရွှေပွင့်လန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းက မိုးဝါ ၄၅ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

အဆိုပါဝါစိုက်ခင်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ယနေ့နံနက်ပိုင်းက သွားရောက် ကြည့်ရှုအားပေးပြီး မိုးဝါစိုက်တောင်သူများ၊ ရွှေပွင့်လန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသား တောင်သူများနှင့် တွေ့ဆုံကာ ဝါစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။



ထို့ပြင် ငွေလုံမြင် ဝါကြိတ်စက်၌ ရမည်းသင်းမြို့နယ်အတွင်းရှိ ဝါလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သမဝါယမ အစုအဖွဲ့စနစ်ဖြင့် ဝါစိုက်ပျိုးမှု၊ ဝယ်ယူကြိတ်ခွဲမှု၊ ဝါစေ့ဆီထုတ်လုပ်မှု၊ ဈေးကွက်ချိတ်ဆက်၍ ပြည်တွင်း ပြည်ပတင်ပို့ရောင်းချမှုဆိုင်ရာများကို ဆွေးနွေးသည်။

ထို့အတူ ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ မိုးဝါစိုက်တောင်သူများ၊ ရွှေစင်စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဝါတစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှင့်ညီမျှသော မျိုးနှင့် သွင်းအားစုများ ထောက်ပံ့မှု၊ ဈေးကွက်ရရှိရေးချိတ်ဆက်ဆောင်ရွက်ပေးမှုနှင့် သမဝါယမအသင်း အဖွဲ့စနစ် ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးရလဒ်များ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောနှောအသုံးပြု၍ ပန်းတိုင်အထွက်နှုန်း ရရှိရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး အသင်းသားတောင်သူများ၏ ဝါစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးတင်ပြချက်များ အပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ရွှေစင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း၏ မိုးဝါဧက ၂၀၀ စိုက်ခင်းနှင့် အသင်းသားတောင်သူ ဦးကျော်ဝင်းစိန်၏ ရက်ကာ ၆ သုံးလုံး ကေတီကေ (RAKA-666-KTK) ဝါမျိုး ငါးဧက စိုက်ခင်းကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အုတ်တွင်းမြို့နယ်၌ တောင်သူများထံသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာပေးအပ်ပွဲ ပြုလုပ်

အုတ်တွင်း ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ မိုးသီးနှစ်ပေါ်စိုက်ပျိုးမည့်တောင်သူများထံသို့သီးနှံပေါ်ပေးစနစ်ဖြင့် အာမိုဓာတ်မြေဩဇာပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက ကြယ်နီဆန်စက်တွင် ပြုလုပ်သည်။



အခမ်းအနားတွင် တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းကိုနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုတို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းဦးက ဓာတ်မြေဩဇာပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေး/မွေးမြူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ မိုးသီးနှစ်စိုက်ဧက ၈၉၀၀၀ အတွက် ရရှိသော အာမိုဓာတ်မြေဩဇာအိတ် ၅၃၀၀ ကို တောင်သူများ ထံသို့ လက်ဝယ်အရောက် ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

ရန်ကင်းမြို့နယ်၌ စွယ်တော်ရိပ်ရောင်းဝယ်ရေးသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် သမဝါယမမြို့စီးဌာနက စွယ်တော်ရိပ်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်ပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၁၅) ရပ်ကွက် နှစ်ကျပ်ရုစ်ဆူဝမ္ဘာရုံ၌ ကျင်းပသည်။

ရွေးချယ်အတည်ပြု

ဦးစွာ မြို့နယ်အဆင့် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးစီးအရာရှိ ဒေါ်နှင်းနှင်းအေးက သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေအရ အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော အသင်းသားများ၏ အဆိုပြု ထောက်ခံချက်များအတိုင်း အမှုဆောင်အဖွဲ့ကို ရွေးချယ်အတည်ပြုခဲ့ကြောင်း သိရသည်။



လှလှထွေး(ပြန်/ဆက်)

ကော့မှူးမြို့နယ်၌ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်လှစ်

ကော့မှူး ဩဂုတ် ၁၇

ဌက်အော်စမ်းလူငယ်သင်တန်းကျောင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အကြို အခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ဌက်အော်စမ်းကျေးရွာ လူငယ်သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးပြင်မ်းထက်က မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်(၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့် ရည်မှန်းချက်တာဝန်များကို သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် လက်တွဲပြီး အများပြည်သူအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစား ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနက ခင်းကျင်းပြသထားသော မီးငြိမ်းသတ်ရေးနှင့် ရာဖွေရေး ပစ္စည်းများကို မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

မြန်မာ့အသံနှင့်ခွဲပြင်သံကြား

၁၈-၀-၂၀၂၆ ဘာသာရေး

MRTV HD

06:00 နိုင်ငံတော်သံယမဟာယဟာအဖွဲ့၊ ဥက္ကဋ္ဌဆရာတော်အမှုဆောင်များ၏ သံယမဟာယအဖွဲ့ဆရာတော်များအား ပရိတ်တရားတော်ရွတ်တိုက်ခိုင်းခြင်း
09:00 နန်ကင်းသတင်း
09:05 "ထက်မြက်ခြင်းပညာ(ကည်း...Nay Kyar" (MSME)
09:30 ထူးခြားဆုံးလင်္ကာမူပိတိဘီအစီအစဉ်
09:50 Sports Diary
10:00 သတင်းထိုးသတင်း
10:20 နိုင်ငံတော်ကောလေဘားသောင်္ကာ တေးလင်္ကာသေချာပြီးသောတွက်
11:00 နေ့ရှည်ထန်းလျှဉ်းတော်
11:30 မြန်မာဇာတ်လမ်းတို့ "ဘုန်းတေးရေနှံ" (အပိုင်း-၃)
12:00 MRTV National News
12:30 မိုးလုလင်ကုတ်ထိုးကားဟီးအလွမ်း

mtv

07:02 Evergreen Classic: Lat Yay Ta Pyin Dee (Having A Meal Together - Ye Htike)
07:10 Shwedagon Buddha Museum
07:44 Chef Life: Tun Tun
08:01 News
08:27 Topics Potpourri; Nigeria's Struggle to Protect Critically Endangered Forest Elephants
08:32 The Promising Aquarium Fish Farming in Myanmar
09:02 Ramayana Classic Talk & Discussion (Episode-2)
09:31 Done Nyaung Hmaing: A New Tourism Spot
09:42 The Artistic Journey of Youth; Oak Awe Than Thar
10:01 News
10:27 Lifestyle & Entertainment

MRTV NRC

ချွင်း (ရိပ်ငိုး) (၀၆:၀၀ မှ ၀၈:၀၀)
ချင်းဘာသာစကားဖြင့်ကြာသောင်း (အပိုင်း-၃)
ချွင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)
မုန်ညင်းစေတစ်ခွက်နဲ့ခံတွင်းမြိန်
မွန် (၀၉:၀၀ မှ ၁၁:၀၀)
မုဒ္ဒိုမြို့အုပ်စုဝန်ထောက်ဘဝရိုင်းဘုရား
ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)
ကျိုင်းဘာသာစကားဖြင့်ကြာသောင်း (အပိုင်း-၂)
ဂျွန်း (၁၃:၀၀ မှ ၁၅:၀၀)
ဝိုဝံလေ့တိုးဘာဝ
ဝ (၁၅:၀၀ မှ ၁၈:၀၀)
တောင်ပေါ်ဖြူကြာရည်ထုပ်

MRTV NEWS

06:00 အပွင့်၊ တေးသီချင်း
06:09 လူပုလွံလူများအားကစား
07:00 ပြည်တွင်းသတင်း (LIVE)
07:20 နိုင်ငံတကာသတင်း (LIVE)
07:45 Save Our Planet Program
08:05 အသိပညာမူဒယ်အမှတ်၊ ပျံကြည်မြက်ရေနှံ ရွှံ့လွှာရရည်အမှုအကျင့်(၆)ချက် (အပိုင်း-၂)
11:00 ပြည်တွင်းသတင်း (LIVE)
11:30 နိုင်ငံတကာသတင်း (LIVE)
12:00 MRTV National News
13:00 ပြည်တွင်းသတင်း (LIVE)
13:30 သတင်းမုန်းကုဒ် (LIVE)
14:00 Football Highlights
15:00 သင်္ဘောသားတစ်ယောက်လုပ်ခဲ့ရှင်းသို့
16:00 ပြည်တွင်းသတင်း (LIVE)
16:30 ကောင်းကင်ယံတစ်ပိုင်းနိုင်းအာရုဒ္ဓိကိုးနှင်း

MRTV FARMERS

06:00 အပွင့်၊ နိုင်ငံတော်သီချင်း
06:04 တောင်သူလယ်သမားရေးရာသတင်း
06:15 အသိပညာမူဒယ်အမှတ်၊ ကျွန်းကြီးသုံးသားများပေးထုတ်ဆန်းသို့
06:20 "စိုက်ပျိုးမွေးမြူသူတာက်" စိုက်ပျိုးရေးအားမြှင့်တင်ပြီးပေးထောင်ဖွက်ရှိ
08:00 ကောလက်ကွန်ရက်
09:15 ဗီဒီယိုအထွက်တိုးစေရိုသမဝါယမနယ်ပြင်၊ ပုပိုကျည်းရိ
10:20 ရွှေစိမ်းတောင်းများဒေသ (အပိုင်း၁၃+၁၄)

MRTV SPORTS

06:00 အပွင့်
06:15 လူငယ်တို့အတွက်လမ်းပြကြမ်း
06:45 Sports Diary
07:00 The Multi Sports Arena
08:00 (၃၁)ကြိမ်မြောက်အရပ်ဒေသကြီးအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ (အပြီးသတ်)
Replay (မြန်မာအသင်းနှင့်အိမ်ရှေ့အသင်း)
12:00 အားကစားတင်း
12:30 Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲအကြိုဝိုလ်လွှဲ တိုက်ရိုက်ထုတ်လွှင့်မှု (ထိုင်းအသင်းနှင့်စင်ကာပူအသင်း)

MRTV Radio

06:00 အပွင့်၊ မယ္ဒူတာတေးသီချင်းများ
06:15 ကာတွန်းအစီအရစ် "ဝိုးတောင်ကြီးဥယျာဉ် ရွန်းစားနှင်း" (အပိုင်း-၄၉)
09:30 မြန်မာဇာတ်လမ်းတို့ "ဘသင်းတေးစမ်းသောင်းတိုင်" (အပိုင်း-၉)
10:15 နိုင်ငံခြားဇာတ်လမ်းတို့ "ဇာနည်သောင်းမြူးနှင့်ဘုန်း" (အပိုင်း-၂)
10:45 တိုးတုန်း...ကျန်းမာရေးနှင့် "ကျွေးသောင်းနိုင်ဝက်ဂက်ကျန်းစားသင့်ခြင်း"
11:00 မြန်မာ့ရိုးရင်း (ငေးဆရာငှက်) "ချစ်ရယ်ငေးတဲ့" တေးရေးသီကျွေးသစ်၊ ပေးသို့ (အိမ်ကိုက်ဘာ-သင်းသင်းယု)
12:00 Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲအကြိုဝိုလ်လွှဲ တိုက်ရိုက်ထုတ်လွှင့်မှု (ထိုင်းအသင်းနှင့်စင်ကာပူအသင်း)

Scan Here

Education Channel ကို ကျေးဇူးပြု၍ (၅၀၀) ကျပ်ဖြင့် ဝယ်ယူကြည့်ရှုပါ။ (ဖြတ်ပြားမရှိပါက ကြည့်ရှုခွင့်မရှိပါ။ ထုတ်လွှင့်ချိန်အပြောင်းအလဲရှိနိုင်ပါသည်။)



ကရင်ပြည်နယ် မြဝတီမြို့နယ် မင်းလက်ပံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသည့်နေရာအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



အွန်လိုင်းလောင်းကစားသုံး ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများအား အပြီးတိုင် မီးရှို့ဖျက်ဆီးနေမှု။

❖ ကျောပုံးမှ

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများသည် ဧပြီလ ၂၇ ရက်တွင် အဆိုပါဒေသအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံ ရှစ်လုံး အတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ကိုင်နေကြသူ အမျိုးသား ၆၅၂ ဦး၊ အမျိုးသမီး ၁၂၅ ဦး စုစုပေါင်း ၇၇၇ ဦးတို့အား လုပ်ငန်းသုံး ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အသုံးပြုခဲ့သည့် ကွန်ပျူတာ ၈၅ လုံး၊ ဖုန်းမျိုးစုံ ၁၈၃ လုံးနှင့် Star Link တစ်လုံးတို့ကိုလည်း ပြန်လည်အသုံးမပြုနိုင်စေရန်အတွက် ဩဂုတ် ၁၂ ရက်တွင် မီးရှို့ဖျက်ဆီးပြီးဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိခဲ့သည့် နေရာရှိ တရားမဝင်ဆောက်လုပ်ထားသည့်အဆောက်အအုံများကို ပြန်လည်အသုံးပြုခြင်း မရှိစေရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ဌာနဆိုင်ရာအဖွဲ့များဖြင့် ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၂ ရက်တွင် နှစ်ထပ်တိုက် လူနေအဆောက်အအုံ တစ်လုံး၊ ဩဂုတ် ၁၃ ရက်တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံး၊ ဩဂုတ် ၁၄ ရက်တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံး၊ ဩဂုတ် ၁၅ ရက်တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံး၊ ဩဂုတ် ၁၆ ရက်တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံး၊ ယနေ့တွင် တစ်ထပ် လူနေအဆောက်အအုံ တစ်လုံးနှင့် သုံးထပ် လူနေအဆောက်အအုံ တစ်လုံး စုစုပေါင်း အဆောက်အအုံ ရှစ်လုံးကို စနစ်တကျ ဖောက်ခွဲဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများအနေဖြင့် ယနေ့မွန်းလွဲပိုင်းတွင် အထက်ပါဖမ်းဆီးရမိခဲ့သည့် နေရာ၏ အရှေ့တောင်ဘက် မိတာ ၄၀၀၀ ခန့်အကွာတွင် အွန်လိုင်းလိမ်လည် လောင်းကစား မူကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အလျားပေ ၁၀၀၊ အနံပေ ၄၀ သွပ်မိုးတစ်ထပ်အဆောက်အအုံ တစ်လုံး၊ အလျားပေ ၈၀ ၊ အနံပေ ၂၀ သွပ်မိုးတစ်ထပ်အဆောက်အအုံ တစ်လုံး၊ အလျားပေ ၅၀ ၊ အနံပေ ၄၀ သွပ်မိုးတစ်ထပ်အဆောက်အအုံ နှစ်လုံး၊ အလျားပေ ၅၀ ၊ အနံပေ ၂၀ သွပ်မိုးတစ်ထပ်အဆောက်အအုံ တစ်လုံး၊ အလျားပေ ၉၀ ၊ အနံပေ ၂၀ သွပ်မိုးတစ်ထပ်အဆောက်အအုံ တစ်လုံး၊ အလျားပေ ၉၀ ၊ အနံပေ ၂၀ Steel Structure ရေတိုင်ကီ အကြီး နှစ်လုံးပါ သွပ်မိုး အဆောက်အအုံ တစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရဆဲသည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများ အား အခကြေးငွေရယူပြီး အကာအကွယ်ပေးနေသည့် အကြမ်းဖက် သောင်းကျန်းသူများနှင့် ထိတွေ့ တိုက်ပွဲ ခုနစ်ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ ထံမှ အလောင်းအချို့၊ လက်နက်မျိုးစုံ၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သားအချို့ ထိခိုက်ဒဏ်ရာရခဲ့သည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်း လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထား၍ တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





ကရင်ပြည်နယ် မြဝတီမြို့နယ် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများအား မဖြိုဖျက်မီ(ဝဲပုံ)နှင့် အပြီးတိုင်ဖြိုချဖျက်ဆီး(ယာပုံ)ကို တွေ့ရစဉ်။

❖ နေရာစိပ်စိပ်မှ

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် - ဩရိသပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသောလေဖိအားနည်း ရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး ရေလျှံမှုများကို ကြိုတင် သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

✻ မြန်မာနေရှင်နယ်လိဂ်မှ

ထိုင်းလိဂ်(၁)ကလပ် ရရောင်းအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ထိုင်းလိဂ်(၃) ကလပ် ဘူရာဖာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ထိုင်းခြေစမ်းခရီးစဉ်တွင် ပြည်တွင်း၊ ပြည်ပကစားသမားအားလုံး နီးပါးပါဝင်ခဲ့ပြီး အာဆီယံဟွန်ဒိုင်းဖလားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် အသင်း၌ ပါဝင်ခဲ့သည့် တိုက်စစ်မှူး ဝင်းနိုင်ထွန်း၊ ကွင်းလယ်ကစားသမား မြတ်ကောင်းခန့်နှင့် နောက်ခံလူ ခွဲခန့်မင်းတို့မှာမူ ဩဂုတ် ၉ ရက်မှ အသင်းနှင့်ပူးပေါင်းနိုင်ခဲ့ပြီး လက်ကျန်ခြေစမ်းပွဲများတွင် ပါဝင်ကစားခဲ့သည်။

ညီမြတ်သော်တာ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ဝဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် (၆)မြို့နယ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် သြဂုတ် ၁၇

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငပိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရွာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားနပ်ရိက္ခာ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြိုးများချခြင်း၊ မျောထုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile (သံမဏိတိုင်များ) ရိုက်သွင်းခြင်း စသည့် ဝဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည် ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် သြဂုတ် ၁၇

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၆၁ စင်တီမီတာ(၂ ပေခန့်) အလို တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် သြဂုတ် ၁၇

ယနေ့နံနက် ၁၀ နာရီ ၄၁ မိနစ် ၀၄ စက္ကန့်တွင် နေပြည်တော်မြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် တစ်မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဇမ္ဗူသီရိမြို့နယ်၏ အရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၁၉ ဒသမ ၇၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၅ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃(M) အဆင့်ရှိ အင်အားအနည်းငယ် ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

စာအုပ်စာပေ လူမိုတ်ဆွေ

အလိမ္မာ စာမှာရှိ

ဇီးကုန်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ



ဇီးကုန်း သြဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းက မြောက်လွတ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းမွောခုံ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့် ပြည်သူ့လွတ်တော် ကိုယ်စားလှယ် ဦးကျော်မင်းထွန်းတို့က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဇီးက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ပြောကြားသည်။ တက်ရောက်လာသည့် ဒေသခံပြည်သူများ၏ ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ လမ်းတံတား ကိစ္စရပ်များကို အပြုသဘောဆောင်သည့် ဆွေးနွေးမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၈-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်ကိုင်း	တာချံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ရှမ်းပြည်တော်	ဟားခါး
92 Ron	၃၆၅၁	၃၈၀၅	၃၇၅၄	၃၆၆၃	၃၈၀၁	၃၈၂၅	၃၈၄၄	၃၇၃၅	၄၁၀၅	၄၁၀၅	၃၇၅၄	၃၈၀၃	၃၈၀၃	၃၈၀၃	၃၈၀၃	၄၁၀၅
95 Ron	၃၇၅၀	၃၉၂၅	၃၈၀၀	၃၇၉၀	၃၉၃၀	၃၉၄၅	၃၉၈၀	၃၈၈၀	၄၂၂၅	၄၂၂၅	၃၈၀၀	၃၉၀၅	၃၉၃၀	၃၉၃၀	၃၉၂၅	၄၂၅၀
HSD (500 ppm)	၄၀၂၀	၄၁၀၀	၄၀၂၀	၄၀၄၅	၄၁၀၀	၄၁၀၅	၄၂၂၅	၄၁၀၀	-	၄၄၈၀	၄၁၂၀	၄၂၆၆၀	၄၂၂၀	၄၁၀၀	၄၁၀၀	၄၄၉၅
HSD (50 ppm)	၄၈၇၀	၅၀၂၅	၄၉၇၅	၄၈၈၅	၅၀၃၀	၅၀၀၅	၅၀၀၅	၄၉၉၅	၅၃၀၅	၅၂၈၅	၄၉၇၅	၅၀၀၆	၅၀၂၅	၅၀၂၅	၅၀၃၀	၅၂၆၅
HSD (10 ppm)	၄၈၇၀	၅၀၂၅	၄၉၇၅	၄၈၈၅	၅၀၃၀	၅၀၀၅	၅၀၀၅	၄၉၉၅		၅၂၈၅	၄၉၇၅	၅၀၀၆	၅၀၂၅	၅၀၂၅	၅၀၃၀	၅၂၆၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၅၁	၃၆၅၇
95 Ron	၃၇၅၀	၃၈၀၈
HSD (500 ppm)	၃၈၂၅	၃၈၅၀
HSD (50 ppm)	၄၆၆၀	၄၇၅၀
HSD (10 ppm)	၄၆၆၀	၄၇၅၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ထန်းတပင်မြို့နယ်၌ အကြိုအခြေခံမီးသတ်ပညာ သင်တန်းဖွင့်ပွဲ ကျင်းပ

ထန်းတပင် သြဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း(၁/၂၀၂၆)ကို မြို့နယ်မီးသတ်ဦးစီးဌာန အစည်းဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးအောင်မျိုးသူက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ပြောကြားပြီး သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများကို တာဝန်ရှိသူများက ပေးအပ်သည်။ သင်တန်းတွင် မီးငြိမ်းသတ်ခြင်းပညာရပ်များနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အကြောင်းတို့ကို သင်တန်းသား ၃၅ ဦးအား ၁၄ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၁၇ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ** ငွေကျပ် ဂုဝ၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

မြစ်ကြီးနား သြဂုတ် ၁၇

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို သြဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ်က ရက်ပေါင်း ၁၀၀ အတွင်း အများပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ရှေးရှုရှု ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်စီမံကိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေကို ပြည်နယ်လွှတ်တော်သို့ ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ပြည်သူ့အကျိုးပြု ကြယ်ပွင့်ပြဲမေးခွန်း ၁၄ ခုကို



မေးမြန်းကြရာ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မေးခွန်းများ မေးမြန်းပြောကြားမှုများအပြီးတွင် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း(RE) တွင် ထည့်သွင်းရန် ပြည်နယ်အစိုးရအဖွဲ့က ထပ်မံပေးပို့လာသည့် လျာထားချက်ကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးအတည်ပြုကြသည်။

ထို့အတူ အစည်းအဝေးပထမနေ့တွင် တင်သွင်းခဲ့သော ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် မူလခန့်မှန်းခြေ ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို ဆွေးနွေးအတည်ပြုကြသည်။

အလားတူ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ကချင်ပြည်နယ် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းရာ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်ချက်အစီရင်ခံစာကို တင်သွင်းပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းနှင့် ဥပဒေကြမ်းအား အနီးဆုံးလွှတ်တော် အစည်းအဝေးတွင် အတည်ပြုမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းအပြင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယပုံမှန်အစည်းအဝေးနှင့် တတိယပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်းနှင့် တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) ကျင်းပ



စစ်တွေ သြဂုတ် ၁၇

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို ယနေ့နံနက် ၁၀ နာရီက ရခိုင်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့) စတင်ကျင်းပကြောင်းနှင့် အထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် အတွက် ဖြည့်စွက်ခွင့်ပြု ငွေစာရင်း(လျာထားချက်)နှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး ဖြည့်စွက်ခွင့်ပြုငွေစာရင်း(လျာထားချက်)အပေါ် ရခိုင်ပြည်နယ် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီ၏ လေ့လာစိစစ်တင်ပြသည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက မှတ်တမ်းတင် ထားရှိကြောင်း ကြေညာသည်။

အလားတူ ၂၀၂၇ – ၂၀၂၈ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ လျာထားချက်ကို ရခိုင်ပြည်နယ် လွှတ်တော်သို့ သတ်မှတ်ရက် အတွင်း တင်သွင်းပေးနိုင်ရန် ရခိုင်ပြည်နယ် အစိုးရအဖွဲ့အား တိုင်းတွန်းကြောင်း အဆိုတင်သွင်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး ယင်းအဆိုနှင့်ပတ်သက်၍ လက်ခံဆွေးနွေးရန် လွှတ်တော်၏ သဘောထားကို ရယူသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာကာ တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားကြောင်းနှင့် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကို သြဂုတ် ၁၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ခရိုင်(ပြန်/ဆက်)

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့) ကျင်းပ

ရန်ကုန် သြဂုတ် ၁၇

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကို ယနေ့မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ် ၁၂၃ ဦးရှိသည့် အနက် ၁၀၅ ဦး တက်ရောက်ခဲ့သည်။

ဆောင်ရွက်

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကိုးဦးက မေးမြန်းသည့် ကြယ်ပွင့်ပြဲမေးခွန်းကိုးခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်း၀င်များက ဖြေကြားခြင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး လျာထားချက်နှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက ဆွေးနွေးခြင်း၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုရေးရာကော်မတီက ရန်ကုန်တိုင်းဒေသကြီး အိမ်ထောင်စက်မှုလက်မှုလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ပြီး တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကို မွန်းလွဲ ၁ နာရီ ၅၇ မိနစ်တွင် ရပ်နားကြောင်းကြေညာသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



အာဖရိကဝက်အပြင်းဖျားရောဂါ (ASF)နှင့်စပ်လျဉ်း၍ စားသုံးသူပြည်သူများ သိရှိလိုက်နာရန်အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever – ASF) ဖြစ်ပွားမှု သေဆုံးသောဝက်သားများကို စားသုံးမိပါက လူများပါ ရောဂါကူးစက်နိုင်သည်ဟူသော မှားယွင်းသည့် ကောလာဟလသတင်းများပြည်သူလူထုအတွင်း ထွက်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် စိုးရိမ်မှုပန်မှုများ မရှိစေရန်နှင့် အချက်အလက်မှန်ကန်စွာ သိရှိနိုင်စေရန် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH) တို့၏ သိပ္ပံနည်းကျ အတည်ပြုချက်များအရ အောက်ပါအတိုင်း အသိပေး ရှင်းလင်းအပ်ပါသည်-

(၁) **လူသားများသို့မကူးစက်ခြင်း** – အာဖရိကဝက်အပြင်းဖျားရောဂါ (ASF) သည် ဝက်များကိုသာ အဓိကကူးစက်တတ်သော ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီး လူသားများသို့ လုံးဝ (လုံးဝ) မကူးစက်တတ်ပါ (Not zoonotic)။ သေဆုံးသွားသော ဝက်၏အသားကို စားသုံးမိခြင်းကြောင့် လူ၏ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်ပျက်စီးစေခြင်းမရှိပါ။

(၂) **အစားအသောက်ဘေးကင်းလုံခြုံရေး (Food Safety)** – ဗိုင်းရပ်စ်ကိုယ်တိုင်က လူကို မကူးစက်သော်လည်း ရောဂါဖြစ်ပွားသော ဝက်သားများတွင် အခြားသောဗတ်တီးရီးယားပိုးမွှားများ တွဲဖက်ပါရှိလာနိုင်ခြေရှိသဖြင့် သံသယရှိသည့် အသားနှင့် အသားထွက်ပစ္စည်းများကို ဝယ်ယူစားသုံးခြင်း မပြုပါရန်နှင့် ဝယ်ယူရာတွင်လည်း သန့်ရှင်းလတ်ဆတ်မှုကို ဂရုစိုက်ရန်နှင့် စားသုံးရာတွင် အပူချိန်လုံလောက်စွာပေး၍ အနည်းဆုံး 70°C နှင့်အထက်ဖြင့် ကျက်အောင် (စနစ်တကျ) ချက်ပြုတ်စားသုံးကြရန် လိုအပ်ပါသည်။

(၃) **ဈေးကွက်အတွင်း စစ်ဆေးမှုများ** – သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများအနေဖြင့် လည်း ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ကုန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု ကွင်းဆက်တစ်လျှောက်တွင် ကျန်းမာရေးစစ်ဆေးမှုများကို အထူးကြပ်မတ် လုပ်ဆောင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အခြေအမြစ်မရှိသော ကောလာဟလသတင်းများကို မယုံကြည်ကြရန်နှင့် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ သန့်ရှင်းလတ်ဆတ်သည့်အသားများကို လုံလောက်စွာအပူပေး၍ ချက်ပြုတ်စားသုံးကြပါရန် မေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကြေးမုံ

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကျင်းပ

လွိုင်ကော် ဩဂုတ် ၁၇

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် ကယားပြည်နယ်လွှတ်တော်ရုံး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးမော်ရယ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်သို့ တက်ရောက်လေ့လာသည့် ရေးရာကော်မတီဝင်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သုံးဦးက မေးခွန်းလေးခုမေးမြန်းရာ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ဦးစိုးရယ် ဒီးမေ့ဆိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"ကယားပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသနှင့်ကိုက်ညီသော တန်ဖိုးသင့်/နည်းအိမ်ရာများ ဆောက်လုပ်နိုင်ရေးအတွက် နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက် တင်သွင်းစဉ်တွင် လိုအပ်သောဘဏ္ဍာရန်ပုံငွေကို ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းပါဝင်စေပြီး ခွင့်ပြုရရှိသည့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ပြည်သူ့နေအိမ်များ ဆောက်လုပ်ပေးခြင်းနှင့် နေရာချထားပေးခြင်းတို့ကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ကယားပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆို"**နှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်လေးဦးက ဆွေးနွေးပြီး ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား ရှင်းလင်းတင်ပြ၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ သဘောတူသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ယင်နောက် ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက လွှတ်တော်သို့တင်သွင်းခဲ့သော ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ကယားပြည်နယ် ၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားခြင်းမရှိသည့်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ သဘောတူသဖြင့် ပြည်သူ့ငွေစာရင်း စောင့်ကြည့်စစ်ဆေးရေးကော်မတီ၏ အစီရင်ခံစာနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ဦးစောဒီးဒီ ဘော်လခဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က **"ကယားပြည်နယ်မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို"**ကို လွှတ်တော်သို့ တင်သွင်းရာ ဦးစိုးညွန့် ရှားတောမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က ထောက်ခံပြီး ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက တင်သွင်းသည့်အဆို နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာ၍ တတိယအကြိမ် ကယားပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို ရပ်နားကာ တတိယအကြိမ် ကယားပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေး(တတိယနေ့)ကို ဩဂုတ် ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

မိုင်းရယ်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၏ လျာထားချက်များ ရှင်းလင်းဆွေးနွေး

မိုင်းရယ် ဩဂုတ် ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ၏ ကာလတို၊ကာလလတ်၊ကာလရှည် လျာထားချက်များ ရေးဆွဲနိုင်ရန် အတွက် မြို့နယ်စီမံကိန်းရေးဆွဲရေး ကော်မတီဝင်များ၊ စီမံကိန်း ကျေးရွာများအား စီမံကိန်း လျာထားချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းကို ယနေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ထိုသို့ပြုလုပ်ရာတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင်ညွန့်နှင့် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင် တို့က အမှာစကားပြောကြား ကြသည်။

ထို့နောက် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်း ခိုင်ဦးက မိုင်းရယ်မြို့နယ်မှ ၂၀၂၆ - ၂၀၂၇ ဆောင်ရွက်မည့် လုပ်ငန်းများ ချပြရှင်းလင်းခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း များ (ကာလတို၊ ကာလလတ်၊ ကာလရှည်) လျာထားရေးဆွဲထား ရှိမှုကို ရှင်းလင်းဆွေးနွေးခြင်း၊ လုပ်ငန်းစီမံချက်များ အတည်ပြု ဆောင်ရွက်ပြီးမှတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ကျေးရွာနေပြည်သူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ညောင်ကျေးရွာအုပ်စုနှင့် ခိုင်စုကျေးရွာ ဓမ္မပါလဓမ္မာရုံ၌ အသိပညာပေး ဟောပြောပွဲ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်က အမှာစကားပြောကြားပြီး ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဒေါ်နွယ်နွယ်စိုးက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားရသည့်အကြောင်းရင်းများ၊ ရောဂါလက္ခဏာများ ကြိုတင် ကာကွယ်ရမည့် နည်းလမ်းများအကြောင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး နည်းလမ်းများကို အသိပညာပေးဟောပြောသည်။ ထို့နောက် တက်ရောက်လာသော ကျေးရွာနေပြည်သူများထံသို့ သောက်သုံးရေ သန့်ရှင်းစင်ကြယ်စေရန်အတွက် ကျန်းမာရေးဦးစီးဌာနက ထောက်ပံ့သော ရေသန့်ဆေးပြား(Aquatabs 67mg) များကို အခမဲ့ ဖြန့်ဝေပေး လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေး အတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များနိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖြင့် ကန်ပေါင်နိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လေ့များနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့် နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

ယဉ်ကျေးလိမ္မာစာပဒေသာ

ပစ္စဝေက္ခဏာ မဆင်ခြင်ခြင်း၏အပြစ်



ကျွန်တော်တို့သည် ပစ္စဝေက္ခဏာ ဆင်ခြင်မှုနှင့် စပ်၍ လေ့လာနေကြရာ ယခုအခါ အတော်လေး စုံသလောက်ရှိခဲ့ပေပြီ။

ဤသို့လေ့လာရခြင်းကလည်း သာသနာ့ဘောင် ရောက်သွားသော ကျွန်တော်တို့၏ ရင်သွေးငယ်များ ဒါယဇ္ဇပရိဘောဂပစ္စည်းလေးပါးကို အမွေခံအဖြစ်နှင့် သုံးစွဲနိုင်ဖို့ရာ၌ ပစ္စဝေက္ခဏာ ဆင်ခြင်မှု၏ အရေးပါပုံ၊ အဓိကကျပုံကို ကျွန်တော်တို့အနေဖြင့် သိရှိထားနိုင်အောင်ဖြစ်လေသည်။

ထေရဝါဒသာသနာတော်၌ ပစ္စည်းလေးပါးသုံးစွဲသည့်အခါ ပစ္စဝေက္ခဏာ ဆင်ခြင်သုံးစွဲနိုင်မှုသည် အရေးပါလွန်း၍သာ ဆရာတော် သံဃာတော်များက သာသနာ့ဘောင်ရောက်စ ရှင်ငယ်ရဟန်းငယ်များကို ပစ္စဝေက္ခဏာ ဆင်ခြင်တတ်အောင် ကိုယ်ဖိရင်ဖိ သင်ပြပေးတော်မူကြခြင်းဖြစ်သည်။

ဗုဒ္ဓသည် ဧတေဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ ရှင်ရဟန်းများ သင်္ကန်းစသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ အမှုမဲ့အမှတ်မဲ့သုံးစွဲခြင်းကြောင့် ဗျဂ္ဃ်ကတော်မူသောအခါ ငရဲ၊ တိရစ္ဆာန်ဘုံတို့၌ ဖြစ်ကြရပုံကို သိတော်မူ၍ ရဟန်းသံဃာတော်များကို စည်းဝေးစေပြီး-

"ချစ်သား ရဟန်းတို့၊ ပစ္စည်းလေးပါးကိုရလျှင် ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ မသုံးစွဲသင့်၊ အကယ်၍ သုံးစွဲသော် လတ်တလောသေစေနိုင်သော အဆိပ်ကို စားသုံးသည်နှင့်တူ၏။ ထို့ကြောင့် ယခုအချိန်အခါမှစကာ ပစ္စဝေက္ခဏာ ဆင်ခြင်၍သုံးစွဲကြ"ဟုလိတ္တာဇာတ်၌ မိန့်ကြားတော်မူ၏။

အလားတူစွာပင် ဝိဿာသဘောဇနဇာတ်၌လည်း 'မိဘများ လျူသောပစ္စည်း၊ ဆွေမျိုးညာတကာတို့လျူသောပစ္စည်းပင်ဖြစ်စေကာမူ ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးစွဲရမည်။ သို့မဟုတ်ပါက အဆိပ်ကို စားသုံးသည်နှင့်တူ၏'ဟု မိန့်တော်မူခဲ့လေသည်။

စင်စစ် ဒါယဇ္ဇပရိဘောဂဟူသည် သေကွဲပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ ပစ္စည်းလေးပါးသုံးစွဲမှုသည် အမွေခံအဖြစ်နှင့် သုံးစွဲရာကျသောကြောင့် ဒါယဇ္ဇပရိဘောဂဟုခေါ်ခြင်းဖြစ်သည်။ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲခြင်းသည်လည်း ဒါယဇ္ဇ ပရိဘောဂပင်ဖြစ်သည်ဟု ကျမ်းဂန်များ၌ အဆို အဓိန့်ရှိသည်။

နောက်ပရိဘောဂတစ်မျိုးက သာမိပရိဘောဂဖြစ်သည်။ ရဟန္တာပုဂ္ဂိုလ်တို့၏ ပစ္စည်းလေးပါးသုံးစွဲမှုသည် အရှင်သခင်အဖြစ်ဖြင့် သုံးစွဲရာကျသောကြောင့် သာမိပရိဘောဂဖြစ်သည်။

ဤသို့ဖြင့် ကျွန်တော်တို့ရှင်ပြုတိုင်း၊ ရဟန်းခံတိုင်း ဒါယဇ္ဇပရိဘောဂ ပစ္စည်းလေးပါးကို အမွေခံအဖြစ်နှင့် သုံးစွဲနိုင်မှုဖြစ်ရလေအောင် ကြိုတင်သိရှိထားနိုင်အောင် လေ့လာထားရပေမည်။



ကျိုက်ထိုမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

ကျိုက်ထို ဩဂုတ် ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ဥပဒေရုံးတို့ ပူးပေါင်း၍ လောင်းကစားမှု လျော့နည်းပပျောက်ရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းရပ်ကွက် ဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်ဝင်းက အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် မူခင်းကျဆင်းရေးနှင့်ပတ်သက်၍ ပြောကြားပြီး မြို့နယ်ဥပဒေအရာရှိဦးထင်အောင်က လောင်းကစားမှုနှင့် ပတ်သက်သည့်ဥပဒေများအကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဥပဒေအရာရှိ ဦးထင်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဒေါပုံမြို့နယ်၌ ယမုံနာ(၁) ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပ

ဒေါပုံ ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ ယမုံနာ(၁)ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဩဂုတ် ၁၆ ရက်တွင် အာသောကရာမဘုန်းကြီးကျောင်း၌ ကျင်းပသည်။

အစည်းအဝေးတွင် ယမုံနာ(၁)ရောင်းဝယ်ရေးအသင်း ဥက္ကဋ္ဌက အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူသည်။

ထို့နောက် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နင်းသိမ့်သိမ့်ဖြိုးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး သမဝါယမအသင်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် အမှုဆောင်အဖွဲ့ဝင်သုံးဦးနှင့် အသင်းသားစာရင်းစစ်နှစ်ဦးတို့ကို အမှုဆောင်သစ်များအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)





တပ်ကုန်းမြို့၌ သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာနှင့် ဆုချီးမြှင့်ခြင်း၊ အမှုဆောင်ရွေးချယ်ပွဲကျင်းပ

တပ်ကုန်း ဩဂုတ် ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ပညာရေး ဌေးစုဌေးချေးသမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာနှင့် ဆုချီးမြှင့်ခြင်း၊ အမှုဆောင်ရွေးချယ်ပွဲကို ဩဂုတ် ၁၆ ရက်တွင် မြဝတီရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပညာရေးဌေးစုဌေးချေးသမဝါယမအသင်း ဥက္ကဋ္ဌ ပညာရေး(ငြိမ်း) ဆရာကြီးဦးခင်မောင်လွင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပညာရေးဌေးစုဌေးချေးသမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာများ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အသင်းသားအသင်းသူများ၏ သားသမီးများအား ဂုဏ်ပြုလွှာနှင့်ချီးမြှင့်ဌေးများ ပေးအပ်ပြီး ပညာရေးဌေး ဌေးချေးသမဝါယမအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၁၇

မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူ ဖမ်းမိတရားခံ ဒေါ်မြတ်ဆုမွန်(ခ)မဖြူကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ခန့်ပိုင်(ခ)မင်းရန်နိုင်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ပန်းပဲတန်းရပ်ကွက်နေ အမျိုးသမီးတစ်ဦးအား ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ဟိုနားရပ်ကွက်နေ ဒေါ်မြတ်ဆုမွန်(ခ)မဖြူ နှင့် ခန့်ပိုင်(ခ)မင်းရန်နိုင်တို့နှစ်ဦးက TikTok အကောင့်မှ တရုတ်ဇနီးမယားလုပ်ကိုင်ရန်အတွက် မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးမည်၊ လမ်းခရီးစရိတ်ကုန်ကျခံပေးမည်၊ မူဆယ်မြို့သို့ရောက်ရှိက သုံးလ စာချုပ်ချုပ်ဆိုပြီး မြန်မာငွေကျပ်သိန်း ၈၀ ရမည်၊ သုံးလပြည့်၍ ဆက်နေချင်ပါကနေလိုကြောင်း၊ မနေချင်ပါက ၎င်းတို့ကိုယ်တိုင် ပြန်လည်ခေါ်ဆောင်ပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ခေါ်ဆောင်လာကြောင်း စီစစ်သိရှိရသဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်း (ပ)ဂ၆/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၁၄ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးက ဖမ်းမိတရားခံ ဒေါ်မြတ်ဆုမွန်(ခ)မဖြူကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ခန့်ပိုင် (ခ) မင်းရန်နိုင်ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

၂၀၂၆ ခုနှစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်း(ဖိတ်ခေါ်) အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဟိုပုံး သြဂုတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ၂၀၂၆ ခုနှစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဖလား အလွတ်တန်း (ဖိတ်ခေါ်) အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲစဉ်တွင် ထမ်းဘုရားပေါက် အမျိုးသားဘောလုံးအသင်းနှင့် အနောက်ရပ်အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် အဖွဲ့ဝင်များ၊ ဒေသအဆင့်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဘောလုံးဝါသနာရှင်များက ကြည့်ရှုအားပေးရာ ထမ်းဘုရားပေါက်အမျိုးသားဘောလုံးအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရဖိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ လုံခြုံရေး၊ ကျန်းမာရေးကူညီဆောင်ရွက်သူများနှင့် ဒိုင်အဖွဲ့များအား ဂုဏ်ပြုငွေများပေးအပ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဦးခွန်ဝင်းနောင်က ဒုတိယဆုရရှိသော အနောက်ရပ် အမျိုးသားဘောလုံးအသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဘုန်းကြွယ်ဟန်က ငွေသားဆု ကျပ် ၁၅ သိန်းနှင့် ဆုဖလားကိုလည်း ကောင်း၊ ဂိုးသမားအကောင်းဆုံးဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အလယ်တန်း အကောင်းဆုံးဆု၊ ရှေ့တန်း အကောင်းဆုံးဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု များကို လွှတ်တော်ကိုယ်စားလှယ်များကလည်းကောင်း ဆုများ ပေးအပ်ကြသည်။



ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ညိုမောင်က ပထမဆုရရှိသော ထမ်းဘုရားပေါက်အမျိုးသားဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ် ကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က ငွေသားဆုငွေကျပ် သိန်း ၂၀ နှင့် တံခွန်စိုက်ပိုင်းဆုကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

ဒဂုံဆိပ်ကမ်းမြို့နယ်၌ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



ရန်ကုန် သြဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်၌ မိုးရာသီ ကျောင်းကောင်စီဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာမူလတန်းလွှန်ကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ရွှေပြည်စိုးက မုဒိတာစကား ပြောကြားသည်။ ထို့နောက် ဆုရရှိသည့် ပြိုင်ပွဲဝင်အားကစားသမားများအား ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ဖြိုးစန္ဒာ(ဆိပ်ကမ်း)

❑ ၂၀၂၆ ခုနှစ်မှ

သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပလျက်ရှိရာ ယနေ့တွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၃ ဒသမ ၅ ကီလိုလူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလိုလူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၁ ကီလို (ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို(ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို (ဂအဆင့်)ပြိုင်ပွဲ၊ အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲ၊ အမျိုးသမီး ၅၇ ကီလိုပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

အမျိုးသား ၆၃ ဒသမ ၅ ကီလို လူသစ်တန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ကောင်းခန့်ဇော် (အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မင်းခန့်ဇော်(အပြာ)တို့ ယှဉ်ပြိုင်ရာ ကောင်းခန့်ဇော်(အနီ)ကလည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ စခရမြင့်အေး(အနီ)နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ လွင်ကိုကိုထက်(အပြာ)တို့ ယှဉ်ပြိုင်ရာ လွင်ကိုကိုထက်(အပြာ)ကလည်းကောင်း၊ အမျိုးသား ၆၇ ကီလိုလူသစ်တန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ အောင်ကောင်းမြတ်(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ စောသိန်းဇော်မြင့်(အပြာ)တို့ ယှဉ်ပြိုင်ရာ အောင်ကောင်းမြတ်(အနီ)ကလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ထက်ပိုင်စိုး(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ စောအောင်ချစ်ကြည်(အပြာ)တို့ ယှဉ်ပြိုင်ရာ စောအောင်ချစ်ကြည်(အပြာ)ကလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသား ၅၁ ကီလို(ဂအဆင့်)ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းမှ ဟန်ထူးဇော်(အနီ)နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စိုးမိုးလွင်(အပြာ)တို့ ယှဉ်ပြိုင်ရာ ဟန်ထူးဇော်(အနီ)က လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ကောင်းခန့်ကျော်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ မင်းသစ္စာ(အပြာ)တို့ ယှဉ်ပြိုင်ရာ မင်းသစ္စာ(အပြာ)ကလည်းကောင်း၊ အမျိုးသား ၅၄ ကီလို (ဂအဆင့်)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ကျော်ကျော်(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ ပြည့်စုံဖြိုး(အပြာ)တို့ယှဉ်ပြိုင်ရာ အောင်ကျော်ကျော်(အနီ)ကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ အံ့ထူးခန့်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ စောပစော်ဖော(အပြာ)တို့ ယှဉ်ပြိုင်ရာ စောပစော်ဖော(အပြာ)ကလည်းကောင်း၊ အမျိုးသား ၆၇ ကီလို(ဂအဆင့်)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ညီနိုင်ဝင်း(အနီ)နှင့် မန္တလေးတိုင်းဒေသကြီးအသင်းမှ နန္ဒ(အပြာ)တို့ ယှဉ်ပြိုင်ရာ ညီနိုင်ဝင်း(အနီ)ကလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဟိန်းထက်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ အောင်သန်းဇော်မြင့်(အပြာ)တို့ ယှဉ်ပြိုင်ရာ အောင်သန်းဇော်မြင့်(အပြာ)ကလည်းကောင်း အနိုင်ရရှိခဲ့သည်။

ထို့ပြင် အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ နန်းခင်နွင်းထက်(အနီ)နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ရဝေလှိုင်(အပြာ)တို့ ယှဉ်ပြိုင်ရာ ရဝေလှိုင်(အပြာ)ကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ သက်ထားဗိုလ်(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ နော်ပွင့်ချောစု(အပြာ)တို့ ယှဉ်ပြိုင်ရာ သက်ထားဗိုလ်(အနီ)ကလည်းကောင်း၊ အမျိုးသမီး ၅၇ ကီလိုပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းမှ နန်းမြင့်မြင့်အေး(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ နန်းသဥ္ဇာမိုး(အပြာ)တို့ ယှဉ်ပြိုင်ရာ နန်းသဥ္ဇာမိုး(အပြာ)ကလည်းကောင်း၊ ကယားပြည်နယ်အသင်းမှ ပိုင်ပိုင်စံ(အနီ)နှင့် ရှမ်းပြည်နယ်အသင်းမှ ခင်စန္ဒာအောင်(အပြာ)တို့ ယှဉ်ပြိုင်ရာ ခင်စန္ဒာအောင်(အပြာ)ကလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

သြဂုတ် ၁၈ ရက် ရိုးရာလက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၅၁ ကီလိုလူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလိုလူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို(ဂအဆင့်)ပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလို(ဂအဆင့်)ပြိုင်ပွဲ၊ အမျိုးသမီး ၅၄ ကီလိုပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ပွဲမည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

မွေးသက္ကရာဇ်အမှန်

ရန် ကုန် တိုင်း ဒေသကြီး၊ ဗိုလ် တထောင် မြို့ နယ်၊ အ.ထ.က(၂) Grade–12(B)မှ မောင်ကောင်းဆက်ကျော်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈–၃–၂၀၀၉ ဖြစ်ပါသည်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

❍ အာရှအမျိုးသမီးမှ

ဂျပန်နည်းပြချူပ်၊ ဂျပန်ကစားသမားအများစုဖြင့် ဖွဲ့စည်းထားပြီး မြန်မာ့လက်ရွေးစင်ကစားသမားအများစုပါဝင်လာသည့် ဧရာဝတီအသင်းက စင်ကာပူကလပ် FC Jurong အသင်းကို အနိုင်ကစားခဲ့ခြင်းဖြစ်သည်။

ဧရာဝတီအမျိုးသမီးအသင်း ပွဲထွက်လူစာရင်းတွင် ဂျပန်ကစားသမား ငါးဦး၊ ဘင်္ဂလားဒေ့ရှ်ကစားသမားတစ်ဦးကို မြန်မာကစားသမားများဖြစ်သည့် ဇူးလတ်နဒီ (ဂိုး)၊ ဖြူဖြူဝင်း၊ ဇွန်ယုယဦး၊ နော်ထက်ထက်ဝေ၊ ဇင်မိုးပြည့်တို့ဖြင့် တွဲဖက်အသုံးပြုခဲ့သည်။ စင်ကာပူကလပ် FC Jurong အသင်းသည် ပွဲအစပိုင်းသာ ဧရာဝတီအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး ၁၅ မိနစ်နောက်ပိုင်းမှစတင်ကာ ဧရာဝတီအသင်းက ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ၃၄ မိနစ်တွင် ဧရာဝတီအသင်း ဂိုးစတင်ရရှိခဲ့ပြီး ဂျပန်ကွင်းလယ်ကစားသမား ကန်ဆိုင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည့် ဧရာဝတီအသင်းသည် ဒုတိယပိုင်းအစတွင် ဝင်းသိဂိုထွန်း၊ လင်းမြင့်မိုရ်တို့ကိုထည့်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ဂိုးများထပ်မံရရှိခဲ့သည်။ ၅၅ မိနစ်တွင် ဝင်းသိဂိုထွန်း၊ ၅၉ မိနစ်တွင် လင်းမြင့်မိုရ်တို့က ဂိုးများထပ်သွင်းကာ အနိုင် ရလဒ်ကို သေချာစေခဲ့သည်။ ဧရာဝတီအသင်းအတွက် နောက်ဆုံးအနိုင်ဂိုးကို ၇၈ မိနစ်တွင် ဝါရင့်တိုက်စစ်မှူး ဝင်းသိဂိုထွန်းက သွင်းယူခဲ့သည်။

ဧရာဝတီအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် သြဂုတ် ၂၀ ရက်တွင် လက်ဘန္ဓနိုက်လပ် No Limits အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း – ကိုညီလေး

ဓာတ်ပုံ – MFF

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(၇)ရပ်ကွက်၊ ငစိန်လမ်း၊ အမှတ်(၃၁၃/က)ဟု ခေါ်တွင်သော (၆)ထပ်တိုက်အဆောက်အဦ၏ ပထမထပ်(၆)လွှာ၊ အကျယ်အဝန်း(၁၈၀၀×၅၄၀)အကျယ်ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို ပိုင်ဆိုင်ထားသူ ဒေါ်ခင်သန္တာ(၁၂/အစန(နိုင်)၀၀၀၇၁၁)နှင့် ဦးခင်မောင်လှ(၁၂/အစန(နိုင်)၁၃၇၉၂၂)တို့မှ အရှုပ်အရှင်း ကင်းရှင်းကြောင်း၀န်ခံ၍ ၎င်းတို့ကိုယ်တိုင် ရောင်းချလိုကြောင်း အဆိုပြုကာမိုးလုမ်းရာ အပြီးအပိုင်လွှဲပြောင်း၀ယ်ယူရန် ကျန်ပိတ်၏မိတ်ဆွေ ဒေါ်ခိုင်ဇာသူယ်(၁၂/လမန(နိုင်) ၁၅၆၁၃၀)မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအ၀ယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရှင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျန်ပိတ်သို့ဖြစ်စေ၊ ကျန်ပိတ်၏မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက် အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအ၀ယ်ကိုပြီးမြောက်သည်အထိ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ဇာသူယ် [၁၂/လမန(နိုင်) ၁၅၆၁၃၀]၏ လွဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝါဝါနွယ်(LL.B, DBL) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၆၀၁)
အမှတ်(၁၃၈)၊ အခန်း(၂–ဘီ) သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၀၀၄၀၆၈၆၆

ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၇၅/ကွင်းရပ်)၊ ဦးပိုင်အမှတ်(၂၉/ခ)၊ မြေဖျိန်ဓနရပ်ကွက်(၀.၀၃၂)ကေရှိ ဘိုးဘွားပိုင်မြေဟုသိ ရသော မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန(၁–က)စာရင်းတွင် ဦးအောင်အောင်ထိုက်၊ ဒေါ်ငွေးငွေးယု အမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးအောင်အောင်ထိုက်၊ ဒေါ်ငွေးငွေးယုထံမှ ဦးကျော်ထက်အောင်နှင့် ဒေါ်အေးအေးမြင့်တို့သည် အိမ်နှင့်မြေ အပြီးအပိုင် အရောင်းအ၀ယ်စာချုပ်အမှတ်–၆၈၇/၂၀၂၅ခုဖြင့် ၀ယ်ယူခဲ့ပြီး ဦးကျော်ထက်အောင်နှင့်ဒေါ်အေးအေးမြင့်တို့မှ ဗေဒင်ပြ၀ါမြေကွက်အား ၎င်းတို့၏ အမည်သို့ အရည်အလွှာအပေါ် လျော်ကိုထားလာမှုအပေါ် ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဦးကျော်ထက်အောင်နှင့် ဒေါ်အေးအေးမြင့်တို့မှ ၎င်းတို့၏ အရည်သို့ ပြောင်းလဲလေးစားရန် လျောက်ထားခဲ့မှုအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရေးကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၅ ကဲ့ဘဲ၊ မြေကွက်အမှတ် ၂/က–၁A/ဧရိယာ(၀.၀၃၉)ကေ မြေကွက်တည်နေရာ အမှတ်–၃၇/က/တရုတ်ကျောင်းလမ်း၊ (၈)ရပ်ကွက်၊ မရေးကုန်းမြို့နယ်၊ ဒေါ်တင်ဝေစာရန်း(၁၄/ဝသန(နိုင်)၀၄၁၃၇၃)အမည်ပေါက် နှစ်(၆၀)မြောက်ဂရန်နံပြဒေအား အမည်ပေါက်ဖြစ်သူဒေါ်တင်ဝေစာရန်းကိုယ်တိုင်မှ နိုင်ငံသားစိစစ်ရေးကတ်၊ နှစ်(၆၀)ဂရန်ကိုတိုင်ပြု၍ အပိုင်ဝယ်ထားသည်ဟု ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇ၀တ်မှု ၂၀၂၀ ခုနှစ် ဘဏ်ချေးငွေပြုပုံကူးမှတ်ချက်နှင့်ပတ်သက်၍ အထက်ဖော်ပြပါမြေကွက်ကို ၈–၇–၂၀၂၀ရက်နေ့တွင် ဘဏ်ချေးငွေပြုပုံကူးမှတ်ချက်ကို မည်သည့် ဘဏ်တွင်မှမေ့ချေးခြင်း ပြုလုပ်ခြင်းမရှိသဖြင့် မိမိတို့၏လက်ဝယ်တွင် ပေးကဆုံးသွားခဲ့ပါကြောင်း၊ ၎င်းဘဏ်ချေးငွေနှင့်မြေပုံမြေရာဇ၀တ်အား အသုံးပြု၍ အစိုးရဘဏ် ပုဂ္ဂလိကဘဏ်နှင့် အခြားမည်သည့်ဘဏ်နှိုင်းစာဖော်ထုတ်ပို့မှု ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ လွှဲပြောင်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း အလျှင်းမရှိပါကြောင်း၊ ထို့အပြင် ဘဏ်ချေးရန်မြေပုံမြေရာဇ၀တ် ပျောက်ဆုံးသွားခြင်းနှင့်ပတ်သက်၍ ပြသနာတစ်စုံတစ်ရာမရှိပါကြောင်း ပြသနာပေါ်ပေါက်လာပါက တာဝန်ယူမြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်ထွေနှင့် တကွ ၂၈–၇–၂၀၂၆ ရက်နံပါတင်ပြုစာတို့ဘင်ပြလာပါသဖြင့် ခေါတင်ဝေစာရန်းမှ အပိုင်ဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းကို ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ရာ တရားဝင်ပိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှုစု(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀) လူနေရပ်ကွက်အမှတ် (၈၈/၁၄)၊ ပန်းခြံ (၂၁)၊ မြေကွက်အမှတ် (၁၀၄၆/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ × ၆၀) ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နွေးနွေးသိမ့် (၁၂/ဗဟန(နိုင်) ၀၄၂၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါကဦးလှိုင်သော စာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်သို့ ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအ၀ယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ - **ဦးမြတ်ထွန်း (B.Sc, R.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်–၃၆၉၀)
အမှတ်–၅၅၊ ၁၄–လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း၊ ၀၉–၉၇၄၀၀၁၉၃၀၉– ၄၅၄၅၄၅၂၂

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း Grade-3 တွင် ပညာသင်ကြားနေသော မဝင့်ကေခိုင်ကျော်၏ ဖခင် အမည်မှန်မှာ ဦးကျော်ကျော်စန်း ဖြစ်ပါကြောင်း။

ဦးကျော်ကျော်စန်း

အမည်ပြောင်း

တပ်ကုန်းမြို့နယ်၊ မူလွန်(၂) ဆရာစံကျောင်း Grade-3 တွင် ပညာသင်ကြားနေသော အဖ ဦးမျိုးထွဋ်အေး၏ သမီးဖြစ်သူ မသိမ့်ဖြူစင်ထွဋ်အား ယနေ့မှစ၍ မသွန်းစုမြတ်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မသွန်းစုမြတ်ပိုင်

ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အမက ဘန့်ဘွေးကုန်း GRADE 3 မှ မောင်အောင်ဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော်ဦး [၇/အဖန(နိုင်)၀၆၈၃၄၂] ဖြစ်ပါကြောင်း။

ဦးခင်ဇော်ဦး

"ဖခင်အမည်မှန်"

ရန်ကုန်တိုင်း ဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အ.ထ.က (၃) Grade-10 တွင် ပညာသင်ကြားနေသော မနှင်းနှင်းကြည်၏ ဖခင်အမည်မှန်မှာ ဦးမင်းလွင် [၈/ပခက(နိုင်)၂၁၅၄၅၅] ဖြစ်ပါကြောင်း။

ဦးမင်းလွင်

ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အထက(၃)၊ Grade-11 မှ မမျိုးပပဝင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးလွင် [၇/ဖမန(နိုင်)၁၀၆၇၉၈] ဖြစ်ပါသည်။

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပါရမီ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မိယွန်းချယ်ရီ၏ ဖခင်အမည်မှန်မှာ မင်းအောင်ထူး ဖြစ်ပါကြောင်း။

မင်းအောင်ထူး

A1 အိမ်ခြံမြေ

ကျောက်တံတား၊ ပန်းဘဲတန်း၊ ဗိုလ်တထောင်ရှိ တိုက်ခန်းနှင့်ကွန်ဒိုများ ရောင်းချလိုပါက ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်နိုင်ပါသည်။

09-77 99 33 549

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ် (၆၀၉)၊ ဦးပိုင်အမှတ် (၆၃-ခ+၆၄)၊ ၂၆x၂၇ကြား၊ ၇၆x၇၇လမ်းကြားရှိ ဒေါ်မိမိနွယ် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၃၁၈၉/၂၀၂၄) ဖြင့် ဦးမြင့်ဦးပါ-၆ဦးက ပိုင်ဆိုင်ခဲ့ပြီး ဦးမြင့်ဦး ကွယ်လွန်၍ အမွေဆက်ခံစာချုပ် အမှတ် (၁၄၆၆/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်သန္တာဦး [၁၃/လရန(နိုင်)၀၇၈၉၄၁]၊ ဦးနိုင်လင်းဦး [၁၃/လရန(နိုင်)၀၇၉၀၁၁]၊ ဒေါ်ညွန့်ညွန့်ဝေ [၉/ခအဇ(နိုင်)၀၀၂၉၃၆]၊ ဒေါ်ညွန့်ညွန့်ရီ [၉/ခအဇ(နိုင်)၀၀၂၉၃၇]၊ ဦးဖြိုးစည်သူမြင့် [၉/ခအဇ(နိုင်)၀၀၂၉၃၈]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

